မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၉၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသခံတိုင်းရင်းသားပြည်သူများအား စေတနာအပြည့်အဝဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဟိုပန်မြို့နယ်ပြည်သူ့ဆေးရုံ

သတင်းခရီးသည်-ထိန်လင်း ▼ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) ▼ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ဟိုပန် ဧပြီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့တွင်ရောက်ရှိနေသော သတင်းအဖွဲ့သည် ခွဲစိတ်မှုကောင်းပြီး လူနာပြုစုစောင့်ရှောက်မှုတွင် ဂုဏ်သတင်း မွှေးပျံ့နေသည့် နယ်စပ်ဒေသ ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ချင်းပြည်နယ်ကို ထပ်ဆင့်အလှဆင်ပေးသည့် ဗားရိုတံတား

သတင်းခရီးသည်-မျိုးမင်းသိန်း (မရမ်းကုန်း) ✷ ဓာတ်ပုံ-လေးနွယ် (မင်္ဂလာဒုံ) ✷ စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ချိန်၌ သိသာစွာ အအေးဓာတ်ပိုလာသည်။ ဖလမ်းမြို့ကား တိုက်တာ နေအိမ်များဖြင့် ဖွံ့ဖြိုးမှုပြယုဂ်ကို အထင်းသား မြင်တွေ့ရသည်။ ဖလမ်းမြို့မှ ကားဖြင့်ဆက်လက်ထွက်ခွာခဲ့ရာ မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ဗားရိုတံတားသို့ မွန်းလွဲပိုင်း၌ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ကေအင်န်ယူ အောက်ခြေ တပ်ဖွဲ့ဝင်များ၊ တပ်ပိုလ် တပ်သားများအနေဖြင့် လူသတင်း လူချင်းဆောင်ကာ ငြိမ်းချမ်းရေး ကောင်းသတင်းများကြောင့်ဆင်သေကောင် ပုပ်သဖွယ်ဖြစ်နေသော လက်ကျန် ကေအင်န်ယူအဖွဲ့ကို တဖွဲဖွဲ စွန့်ခွာလာကြပြီးဖြစ်ရာ ကရင်ပြည်နယ် တစ်ခုလုံးတွင် သံသယမြူတိမ်နှင့် အာဃာတမုန်တိုင်းတို့ ကင်းစင်ကာ ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းမွှေးကြူနိုင်တော့မည့် အချိန်ကာလမှာ မဝေးတော့ပြီ။

စောလှအောင်၏ လာချင်ရင် အနီးကလေး ဆောင်းပါး စာ-၁၀ နှင့် ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၀ ရက်)

နိုင်ငံတစ်ဝန်း မြေလွတ်မြေရိုင်းများ ဖော်ထုတ်အသုံးချ နှစ်ရှည် ရာသီသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်သည့်အလျောက် သဘာဝအရင်းအမြစ်များ တည်ရှိလျက်ရှိရာ လူတို့၏စွမ်းအားနှင့်ပေါင်းစပ်ပြီး အကျိုးရှိစွာ အသုံးချလျက်ရှိသည်။

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်သည် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးလျက်ရှိရာ ကျောက်ဆုံဒေသ၊ ကျောက်ဂူဒေသ၊ ဆီဆုံဂနိုင်ဒေသနှင့် ကျောက်ဂူဒေသ တောင်ထိပ်တို့၌ နှစ်ရှည်ရာသီသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

ယင်းမြေလွတ်မြေရိုင်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များကိုပါ လုပ်ကိုင်ခွင့် ပြုထားသည်။ ဤသို့ ခွင့်ပြုထားခြင်းသည် နိုင်ငံတော်အကျိုးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ရပ်စောက်မြို့နယ် အင်တောဒေသတွင် ပုဂ္ဂလိကစိုက်ခင်းကြီးလေးခုရှိပြီး မြေလွတ်မြေရိုင်းဧက ၃၂၀၀၀ ကျော်ကို ဖော်ထုတ်စိုက်ပျိုးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုခဲ့ရာ ယခုအခါ ဧက၄၀၀၀ကျော် နှစ်ရှည်သီးနှံများ စိုက်ပျိုးထားပြီး ဖြစ်သည်။

နှစ်ရှည်သီးနှံအဖြစ် လိမ္မော်၊ မက္ကဒေးမီးယား၊ တညင်း၊ ထောပတ်၊ လောဂန်၊ ကော်ဖီ၊ လက်ဖက်၊ ခြံစည်းရိုးကြက်ဆူ၊ အုန်းဆန်ဆိမ့်နှင့် စိန်တစ်လုံးသရက်တို့ကို စိုက်ပျိုးထားပြီး ရာသီသီးနှံများအနေဖြင့် အစေ့ထုတ်ပြောင်း၊ ကြံ၊ ပဲပုပ်၊ ပန်းနှမ်းနှင့် မြေပဲတို့ကို စိုက်ပျိုးထားသည်။

နှစ်ရှည်ပင်စိုက်ပျိုးရသည့် ရင်းနှီးငွေကုန်ကျစရိတ်များကို ကာမိစေရန်အတွက် ရာသီသီးနှံများကို စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးမှဝင်ငွေများသည် တစ်ဖက်တစ်လမ်းမှ ပြန်လည်ဖြည့်ဆည်းပေးမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံသည် မြေသယံဇာတများ ပြည့်စုံလျက်ရှိရာ မြေလွတ်မြေရိုင်းများကို ယခုကဲ့သို့ဖော်ထုတ်၍ အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ သီးနှံထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်း လမ်းတံတားတည်ဆောက်မှုများ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၂ရက်နှင့် ၁၃ရက်များက ဧရာဝတီတိုင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု လမ်းခုနစ်လမ်းမှ လပွတ္တာ-အုတ်တွင်း-ထိပ်စွန်းလမ်းနှင့် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းတာဝန်ခံ အင်ဂျင်နီယာများ၊ တံတားတည်ဆောက်နေကြသော တာဝန်ခံအင်ဂျင်နီယာများ၊ သဃ်န်းကုန်း၊ သင်္ကယ်သောင်၊ စလူဆိပ်နှင့် သဃ်န်းကြီးတို့တွင် Cyclone Shelter တည်ဆောက်နေသော ကုမ္ပဏီများက မိမိတို့အပိုင်းအလိုက် သတ်မှတ်ချိန်အတွင်း ပြီးစီးရန် စီမံထားရှိပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၀-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြတ်ဗုဒ္ဓဒေသနာ ဝိပဿနာတရားတော်
၄:၅၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၅:၀၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၂၀ ၇။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သွက်လက်လှပ်ရှား ကစားစို့လား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of the Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၁၄)

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၆ရက် နံနက်က ဘော်လခဲမြို့သို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေဒီယိုကြေးနန်းအိတ်ချိန်းရုံးတွင် MPT Satellite Terminal ကို အသုံးပြု၍ Internet မှတစ်ဆင့် သတင်းစာထုတ်ယူဖြန့်ဝေမှုနှင့် လက်လှည့်အိတ်ချိန်းစနစ်မှ အော်တိုအိတ်ချိန်းစနစ် ပြောင်းလဲတပ်ဆင်မည့် အခြေအနေတို့ကို ကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘော်လခဲမြို့ ပြည်သူ့ဆေးရုံကို ၂၅ခုတင်မှ ခုတင်၅၀အဆင့် တိုးမြှင့်ဆောက်လုပ်မည့် အဆောက်အအုံမြေနေရာကို ကြည့်ရှု၍ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှု

ဆက်လက်၍ ဘော်လခဲမြို့ရှိ ခရိုင်၊ မြို့နယ်ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ရာသီသီးနှံ စုပေါင်းစိုက်ခင်းကို သွားရောက်ကြည့်ရှုကာ ထားလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ကျောက်ချောခင်း

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘော်လခဲ-ဖရူဆိုလမ်း မိုင်တိုင်အမှတ် ၁၆၇ နှင့် ၁၆၈ ကြားတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်ချောခင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းမီအောင် ပြင်ဆင်နိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က (၁၀၉)ကြိမ်မြောက် ဇီဝိတဒါနငါးလွှတ်ပွဲကို ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့မှဦးစီးကာ ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ လှိုင်မြစ်အတွင်းသို့ ငါးများလွှတ်ကြစဉ်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**မပြေးပါနဲ့ရပ်နေပါ** တရားတော် (ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၇:၀၀	**ရတနာသိုက်ရှာပုံတော်** (အပိုင်း-၁၀)
၇:၃၀	TOM & JERRY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	လွင်မိုးခရီးသွားနေသည် (ချင်းရိုးရာကျောက်တိုင်နှင့် 'ရိဒ်' ရေအိုင်)
၉:၂၅	သာသနာ့အမွေခံယူ မြတ်သောအလှူ
၉:၅၀	နိုင်ငံတကာအနုပညာရေးရာ
၁၀:၁၅	လှူဒါန်းမှုများ ကုသိုလ်ပွား နိဗ္ဗာန်ရည်စူး(၁၀၀၈)ဆူ
၁၀:၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ ကိုနေ(မန်း)နှင့် တွေ့ဆုံခြင်း]
၁၁:၀၀	စေတနာအပေါင်း ခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၁၁:၂၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Pwint Oo Modern Furniture)
၁၁:၄၀	Activities in the City (မြောက်ဥက္ကလာပမြို့တည် နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်းစာအုပ်ထုတ်ဝေခြင်းအခမ်းအနား)
၁၁:၅၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၂:၁၀	မြန်မာ့တူရိယာစည်တော်ကြီး
၁၂:၂၅	အနုပညာမိုးကောင်းကင်
၁:၀၀	**မပြေးပါနဲ့ရပ်နေပါ** တရားတော် (ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂:၀၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၂:၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ကြူကြူသင်းနှင့်တွေ့ဆုံခြင်း)
၂:၄၅	Turning A Great River Into A Throughfare
၃:၄၅	Dancer Revision (သျှင်နေမင်း)
၄:၀၅	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၄:၂၀	ရေအောက်ကမ္ဘာမှ ဆန်းပြားမှုများ (အပိုင်း-၁)
၄:၄၀	**အေးမြသော လေညင်းလေးများ** မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျာ၊ ဖူးဖူးမောင် [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၅:၀၅	Own Creative Fashion
၅:၂၀	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၅:၃၅	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (ကမ္ဘာအေးကွန်ဒိုမီနီယံ)
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	လွင်မိုးခရီးသွားနေသည် (ချင်းရိုးရာကျောက်တိုင်နှင့် 'ရိဒ်' ရေအိုင်)
၆:၄၅	CMA ပုညကုသလဗဟုကရ၏ မွန်မြတ်ကုသိုလ်သွေးအလှူ
၇:၁၅	နိုင်ငံတကာအနုပညာရေးရာ
၇:၄၅	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (နဂါးမောက်ပင်စိုက်ပျိုးနည်း)
၈:၀၀	MRTV-4 သတင်း
၈:၁၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း (အပိုင်း-၁)
၈:၃၅	အနုပညာမိုးကောင်းကင်
၉:၀၅	'အင်း' ငွေပန်းထိမ်ရဲ့အငွေ့အသက်
၉:၃၀	**ရတနာသိုက်ရှာပုံတော်** (အပိုင်း-၁၀)
၁၀:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂:၀၀	Turning A Great River Into A Throughfare
၁၂:၄၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Pwint Oo Modern Furniture)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ဖလမ်းမြို့နယ် ရမ်ကလောင်းကျေးရွာ စံပြလက်ဖက်စိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ ၁ရက်က ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ရမ်ကလောင်းကျေးရွာသို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စံပြလက်ဖက်စိုက်ခင်း တစ်ဧကအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နမ့်ဆန်မျိုး လက်ဖက်ပင်များမှ လက်ဖက်ဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဧပြီလ၏ပျမ်းမျှ အပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင်ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၄ဒသမ၄၁လက်မ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ ၃၈လက်မ၊ ဘားအံမြို့တွင် ဝဒသမ၉၀လက်မ၊ ရွှေဘိုမြို့တွင် ဝဒသမ၇၈လက်မ၊ သံတွဲမြို့နှင့် ပဲခူးမြို့တို့တွင် ဝဒသမ၇၁လက်မစီ၊ သထုံမြို့တွင် ဝဒသမ၆၇လက်မ၊ စစ်ကိုင်းမြို့တွင် ဝဒသမ၆၃လက်မ၊ ဟဲဟိုးမြို့တွင် ဝဒသမ ၅၅လက်မ၊ မိုင်းဆတ်မြို့၊ ဂွမြို့နှင့် ထားဝယ်မြို့တို့တွင် ဝဒသမ၄၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ထူးခြားသည့်နေ့အပူချိန်

၁၉-၄-၂၀၀၉

မြင်းခြံ	၄၁	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၀	ဒီဂရီစင်တီဂရိတ်
ချောက်	၄၀	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၀	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

၁၉-၄-၂၀၀၉

ဘီးလင်း	၄ ဒသမ ၄၁ လက်မ
ကော့ကရိတ်	၁ ဒသမ ၃၈ လက်မ
ရွှေဘို	ဝ ဒသမ ၇၈ လက်မ

လျှပ်စစ်
သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

(၂၀-၄-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၀၀ ဘဝအသွင် ကဗျာ့အမြင် (တစ်ခုသော လမ်းကြောင်းပေါ်မှာ)
၉း၀၅ သောတရှင်လိုရာ
၉း၅၀ ဆောင်းပါး (အမှားပြင်ပေးသူ)
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (မိုးကြိုပဲတီ ရွှေဝါစိုက်ပျိုးပါ)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာ အလှကမ္ဘာ (မှန်ကန်တဲ့ ဆံပင်ပုံစံကို ရယူပါ)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာ သိကောင်းစရာ (ကဖင်းနှင့် နီကိုတင်း)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
တူယှဉ်သီကြွေး စုံတွဲတေး
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်း တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (ဤလောက၌ မရှိမဖြစ်သောငွေ)
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (နှလုံးရောဂါမဖြစ်အောင် ဆင်ခြင်ရမည့် အချက်များ)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ရေဒီယိုအတိတ် တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉း၂၅ ဟာဒယ ရွှင်ဆေး (လူရွှင်တော် မန်းကျော်နဲ့ အဖွဲ့ရဲ့ ဟာဒယ)
၁၉း၄၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (စီမံကိန်းချ မိသားစုဘဝ) စီးပွားရေး ဦးတည်ချက် တေးပဒေသာ
၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၅ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

○ **ရှေ့ဖုံးမှ**

ကလေး-ဖလမ်း-ဟားခါး ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၆/၆၉ နေရာအနီး တည်ဆောက်ထားသော ဗားရ်တံတားမှာ ကျယ်ဝန်းခိုင်ခံ့ကာ မြန်မာအင်ဂျင်နီယာများ တည်ဆောက်ရေးအတတ်ပညာကို ဖော်ပြနေသကဲ့သို့ပင်ဖြစ်သည်။ ထို့အတူ နိုင်ငံတော်၏ နေရာဒေသမရွေး ဆက်သွယ်သွားလာနိုင်ရန် လမ်းတံတားများ ဖောက်လုပ်တည်ဆောက်ပေးနေမှု စေတနာကိုလည်း မျက်ဝါးထင်ထင်မြင်တွေ့ လိုက်ရသည်။

အချိန်မရွေးသွားလာနိုင်

အရှည်ပေ ၃၄၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ ဘေးတစ်ဖက်တစ်ချက် လူသွားလမ်း အကျယ်သုံးပေရှိသော ဗားရ်တံတားမှာ တောင်ကြောအနီး ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ဗားရ်တံတားဖောက်လုပ်နိုင်ခဲ့မှုကြောင့် ကလေးမြို့၊ ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ အချိန်မရွေး၊ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ခဲ့ကြပြီဖြစ်သည်။

အခက်အခဲ

ဗားရ်တံတားပေါ်မှ အောက်သို့ငုံ့ကြည့်လိုက်ရာ တသွင်သွင် စီးဆင်းနေသော မဏိပူရမြစ်ကို မြင်တွေ့ရသည်။ မိုးရာသီ၌ ဤမြစ်သည် ရေများပြည့်လျှံနေတတ်သည့်အပြင် ရေစီးလည်းသန်သဖြင့် ဒေသခံများ သွားလာရေး အခက်အခဲကြုံတွေ့ခဲ့ရသည်။ ယခုတော့ ဤအခက်အခဲများကို နိုင်ငံတော်က စေတနာထား ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

အပြီးသတ်တည်ဆောက်

ဗားရ်တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)က ၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ခုနှစ် ဇွန်၃၀ရက်၌ အပြီးသတ်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်အတွင်း တည်ဆောက်နိုင်ခဲ့ရာ အချိန်စောစောပြီးသည်နှင့်အမျှ ပြည်သူများအတွက် အကျိုးစီးပွား စောစောခံစားရလေပင် ဖြစ်သည်။

ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရ

တောတောင်ထူထပ်သော ချင်းပြည်နယ်အတွင်း တံတားတည်ဆောက်ရသည်မှာ လွယ်ကူသည် မဟုတ်ပါချေ။ ခက်ခက်ခဲခဲ ကြိုးပမ်းတည်ဆောက်ခဲ့ရသည်။ ယခင်က ဤနေရာ၌ တံတားဟောင်းရှိခဲ့သည်။ သို့သော် ကြိုးတံတားအမျိုးအစားဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းသည့်အခါ တံတားတစ်ဖက်တွင် လူနှင့်ကုန်ပစ္စည်းများ ချထားခဲ့ပြီးမှ ဖြတ်သန်းရသည်။ ကုန်ပစ္စည်းများကို အကြိမ်ကြိမ်သယ်ယူခဲ့ရသည်။ ယခု ထိုဒုက္ခများမှ ကင်းလွတ်ခဲ့ပြီဖြစ်သည်။

စိတ်အေးချမ်းသာ

ယခုတည်ဆောက်ထားသော ဗားရ်တံတားမှာ ၃၆တန် ဝန်တင်ခံနိုင်သည့် နှစ်လမ်းသွားတံတားဖြစ်ရာ တန်၆၀ရှိသည့် ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်ကြပြီ ဖြစ်သည်။ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသော ဗားရ်တံတားကြီးမှာ ခိုင်ခိုင်ခံ့ခံ့ တည်ရှိနေပြီဖြစ်ရာ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ယာဉ်များ စိတ်အေးချမ်းသာစွာ လွယ်လင့်တကူဖြတ်သန်း မောင်းနှင်နေမှုကို မြင်တွေ့ရသည်။

အချိန်တိုအတွင်း

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ချင်းပြည်နယ်၌ ဗားရ်တံတားကဲ့သို့သော မြစ်ကူးတံတားများပေါ်ထွန်းလာခဲ့ပြီ ဖြစ်ရာ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ချင်းပြည်နယ်မြင်ကွင်းများကား နေရာအနှံ့မြင်တွေ့နေရပြီဖြစ်ရာ မဏိပူရမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနှင့်အတူ ရင်ဝယ်အေးမြလျက် ရှိနေတော့သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းအရှေ့မြောက်ပိုင်း ရစ်ခ်ျတာစကေး ၆ဒသမ၄ အင်အားပြင်းငလျင်လှုပ်

တိုကျို ဧပြီ ၁၉

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း အရှေ့မြောက်ပိုင်း ကမ်းလွန်၌ ဧပြီ ၁၉ရက်တွင် အင်အားရစ်ခ်ျတာစကေး ၆ဒသမ၄ရှိ ငလျင်လှုပ်ခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဗဟိုပြု

အဆိုပါငလျင်သည် ဟိုကိုင်းဒိုးကျွန်း အရှေ့မြောက်ပိုင်း ကူရီလီကျွန်းအနီး ရေအောက်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာအနက်ကို ဗဟိုပြု၍ လှုပ်သွားခြင်း ဖြစ်သည်။



ပျက်စီးမှု

ယင်းငလျင်လှုပ်မှုကြောင့် ဟိုကိုင်းဒိုးကျွန်းမြောက်ပိုင်း စီရင်စု ၄၇ခုတို့၌ နေအိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း၊ အချို့အဆောက်အအုံများ ပျက်စီးမှုရှိခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

(အင်တာနက်)

ကျူးဘားနှင့် အမေရိကန်ဆက်ဆံရေး ဦးတည်ချက်သစ် ချမှတ်နိုင်ဟု အိုဘားမားယုံကြည်

ပို့အော့စပိန် ဧပြီ ၁၉

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံ၌ ကျင်းပလျက်ရှိသော အမေရိကနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် ကျူးဘားနိုင်ငံကိစ္စကို အဓိကထား ဆွေးနွေးကြသည်။

တောင်းဆို

ဧပြီ ၁၇ရက်က စတင်သည့် ထိပ်သီးအစည်းအဝေးတွင် အာဂျင်တီးနားသမ္မတ ခရစ္စတီးနား ဖာနန်ဒက်ကပ်ရှနာက တက်ရောက်မိန့်ခွန်းပြောကြားပြီး ကျူးဘားနိုင်ငံကို အမေရိကန် ပိတ်ပင်ထားမှု အဆုံးသတ်ရန် တောင်းဆိုလိုက်သည်။

ထောက်ပြ

ကျူးဘားအား ပိတ်ပင်ထားမှုမှာ စစ်အေးတိုက်ပွဲကာလ မူဝါဒများ၏ အကြွင်းအကျန်ဖြစ်ကြောင်း အာဂျင်တီးနားသမ္မတက ထောက်ပြပြောကြားသည်။

ပြောကြား

ယင်းနောက် အမေရိကန်သမ္မတ အိုဘားမားက ကျူးဘားနှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတွင် ဦးတည်ချက်သစ် ချမှတ်နိုင်မည်ဟု သူယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အဆိုပါထိပ်သီးအစည်းအဝေး၌ အမေရိကန်သမ္မတ အိုဘားမားနှင့် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်တို့ (ယာပုံ) နှစ်နိုင်ငံကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (အင်တာနက်)

ထိုင်းသင်္ကြန်နှစ်သစ်ကူး ဆွန်ခရန်ပွဲတော်ကာလအတွင်း ၃၇၃ ဦးသေဆုံး၊ ၄၃၃၂ ဦးဒဏ်ရာရရှိ

ဗန်ကောက် ဧပြီ ၁၉

ဧပြီ ၁၇ရက်တွင် ပြီးဆုံးခဲ့သော ခုနစ်ရက်ကြာ ထိုင်းနိုင်ငံသင်္ကြန်နှစ်သစ်ကူး ပွဲတော်(ဆွန်ခရန်ပွဲတော်)ကာလအတွင်း နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် စုစုပေါင်း၃၇၃ဦး သေဆုံးပြီး ၄၀၀၀ကျော်ဒဏ်ရာရရှိခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဝီချိုင်းဆရစ်ခ်ဝမ်၏ အဆိုအရ ဧပြီ ၁၀ရက်မှ ၁၆ရက်အတွင်း မတော်တဆမှုပေါင်း ၃၉၇၇မှုဖြစ်ပွားခဲ့ကြောင်း၊ ဆွန်ခရန် အားလပ်ရက်များအတွင်း ယာဉ်အန္တရာယ်အလွန်ပင်ကြီးမားကြောင်း၊ ယခုနှစ် မတော်တဆမှုမှာ ယမန်နှစ်ကထက် ၂၆၆မှု လျော့နည်းကြောင်း သိရသည်။

ပိုမိုများပြား

မစ္စတာဝီချိုင်းက ယခုနှစ် လူပေါင်း ၃၇၃ဦးသေဆုံးခဲ့ရာ ယမန်နှစ်ကထက် ၄၊ဦး ပိုမိုများပြားကြောင်း၊ ဒဏ်ရာရရှိသူ ၄၃၃၂ဦးရှိပြီး ယမန်နှစ်ကထက် ၄၇၁ဦး လျော့နည်းခဲ့ကြောင်း ပြောကြားသည်။

ခုနစ်ရက်တာပွဲတော်ကာလအတွင်း ချင်းမိုင်ခရိုင်သည် မတော်တဆမှုပေါင်း ၁၄၅မှု၊ ဒဏ်ရာရရှိသူ ၁၆၄ဦးရှိခဲ့၍ အရေအတွက် အများဆုံးဖြစ်ပွားခဲ့ကြောင်း၊ ချင်းမိုင်ခရိုင်တွင် ၁၄ဦးသေဆုံးခဲ့သည့်အတွက် အများဆုံးဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ဧပြီ၁၇ရက် တစ်ရက်တည်းမှာပင် ယာဉ်မတော်တဆမှု ၃၄၃မှုဖြစ်ပွားခဲ့ပြီး ၅၂ဦးသေဆုံးခဲ့ကြောင်း၊ ဆူဖန်ဘူရီပြည်နယ်၌ မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့ပြီး ၁၃ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အများဆုံးဖြစ်ပွား

မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းရင်းများမှာ ယာဉ်များကို မူးယစ်သောက်စား မောင်းနှင်ခြင်း၊ အရှိန်ဖြင့်မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဆိုင်ကယ်မတော်တဆမှုမှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ (ဗန်ကောက်ပို့စ်)

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ စီရှန် အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်ကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။

(စီရှန်အဝေးပြေးလမ်းမကြီးပေါ်တွင် ယင်းနေ့တစ်ရက်တည်း၌ ယာဉ်တိုက်မှုလေးခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

မွမ်ဘိုင်းအကြမ်းဖက်သမား အသက် ၁၇ နှစ်သာရှိဟု ရုံးတော်၌ ထွက်ဆို

မွမ်ဘိုင်း ဧပြီ ၁၉

နိုဝင်ဘာလအတွင်းက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် အသက်မသေ တစ်ဦးတည်းကျန်ရစ်သူ သေနတ်သမား မိုဟာမက်ကာဆက်အား အိန္ဒိယတရားရုံးက ပထမဆုံး စစ်ဆေးရာတွင် သူ့အသက် ၁၇နှစ်သာရှိသေးကြောင်း ကာဆက်က ထွက်ဆိုခဲ့သည်။

တင်ပြလျှောက်ထား

ထို့ကြောင့် သူ့ကို ကလေးသူငယ် တရားရုံး၌ စစ်ဆေးရန် သူ့ရှေ့နေ အာဘတ်စ် ကက်ဇမီက တင်ပြလျှောက်ထားသည်။

ဝန်ခံထား

ရှေ့နေ၏ တင်ပြ မေတ္တာရပ်ခံချက်ကို တရားရုံး တရားသူကြီးက ပယ်ချလိုက်သည်။ ကာဆက်သည် သူ့အသက် ၂၁နှစ်ရှိပြီဖြစ်ကြောင်း စောစောပိုင်းက ဝန်ခံထားသည်ဟုလည်း တရားသူကြီးက ပြောကြားသည်။ (အင်တာနက်)

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း တရုတ်နှင့်အီရန် ပူးပေါင်းဖြေရှင်းမည်

ပေကျင်း ဧပြီ ၁၉

တရုတ်နှင့် အီရန်နိုင်ငံတို့က ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်း၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကဏ္ဍာတိုင်းတွင် ပူးပေါင်းဆောင်ရွက်သွားစေရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ကြသည်ဟု သိရသည်။

ကမ္ဘာတစ်ဝန်းတွင်စီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးတည်ဆောက်မှုတွင် သိသိသာသာ ပြောင်းလဲသွားကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အီရန်ဒုတိယသမ္မတပါဗစ်ဒါဗူဒီနှင့် တွေ့ဆုံစဉ် ဧပြီ၁၈ရက်က ပြောကြားသည်။

တွေ့ဆုံ

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို အာရှနိုင်ငံများ ပူးတွဲကိုင်တွယ်ရေး ထိပ်သီးအစည်းအဝေးမစတင်မီ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံကြခြင်း ဖြစ်သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ မြောက် ပိုင်း တွင် ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၁၇ရက်ကတွေ့ရစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် နော်ဝေနိုင်ငံသား တစ်ဦး သေ ဆုံး သွား ခဲ့ကြောင်းသိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ပင်လယ်ဓားပြရန်မှ ဒိန်းမတ်သင်္ဘောကို တောင်ကိုရီးယား ရေတပ်သင်္ဘော ကာကွယ်နိုင်ခဲ့

ဆိုးလ် ဧပြီ ၁၉

ဆိုမာလီယာကမ်းလွန်ရှိ ပင်လယ်ဓားပြများ သောင်းကျန်းနေသည့် ရေပြင်တွင် ရောက်ရှိနေသော ဒိန်းမတ်သင်္ဘောတစ်စင်းပေါ်သို့ တက်ရောက်ရန် ကြိုးပမ်းနေသည့် ဆိုမာလီဓားပြများအား တောင်ကိုရီးယားရေတပ် တပ်ဖွဲ့ဝင်များက မောင်းထုတ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဒိန်းမတ်သင်္ဘောသည် ပင်လယ်ဓားပြများနှင့် ပက်ပင်းတိုး၍ အကူအညီ တောင်းသည့်သတင်းများကို တောင်ကိုရီးယားရေတပ် ဖျက်သင်္ဘောက လက်ခံရရှိပြီးနောက် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်တစ်စင်း စေလွှတ်နှိမ်နင်းစေခဲ့ရာ ပင်လယ်ဓားပြများက ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

ပါကစ္စတန်၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား လူ ၂၀ သေဆုံး၊ ၁၅ ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဧပြီ ၁၉

ပါကစ္စတန်အနောက်မြောက်ပိုင်း ဖရွန်တီရာပြည်နယ် ဒိုရာဘာဒေသ၌ ဧပြီ ၁၈ရက်က အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်သဖြင့် လူ ၂၀ သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲရေးသမားသည် ဒိုရာဘာဒေသရှိ လုံခြုံရေးတပ်ဖွဲ့ကို ပစ်မှတ်ထားပြီး သယ်ယူပို့ဆောင်ရေးယာဉ်တန်းအတွင်းလိုက်ပါလာပြီး လုံခြုံရေးတပ်ဖွဲ့ စစ်ဆေးရေးဂိတ်အား ဖြတ်ကျော်စဉ် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အတည်ပြုပြောကြား

သေဆုံးသူများတွင် အရပ်သားနှစ်ဦးနှင့် တပ်ဖွဲ့ဝင် ၁၈ ဦးပါဝင်ပြီး ဒဏ်ရာရရှိသူများအနက် အရပ်သားခုနစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦးပါဝင်ကာ ဒဏ်ရာရရှိသူများ ပြည်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

သေဆုံးခဲ့

ပါကစ္စတန်၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီမှ ၂၀၀၉ ခုနှစ် မတ်လအထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၃၉၅ ဦး သေဆုံးခဲ့ရကြောင်း ဧပြီ ၁၇ရက်က ကျင်းပသည့် အောက်လွှတ်တော်အစည်းအဝေးက အတည်ပြုပြောကြားသည်။ (အင်တာနက်)

ပုံတူမျိုးပွား

အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတနိုင်ငံ ဒူဘိုင်းမြို့ရှိ ကုလားအုတ် မွေးမြူရေးစခန်းတွင် ပထမဆုံး ပုံတူမျိုးပွားထားသည့် ကုလားအုတ်ငယ်လေးအား ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက် ကျန်းမာရေး

ကော်ဖီမှုန့်စစ်စစ်ဖြင့် ဖျော်ထားသော ကော်ဖီ အမျိုးသမီးများ သားအိမ်ကင်ဆာ ကာကွယ်နိုင်ဟုဆို

အမျိုးသမီးများအနေဖြင့် နေ့စဉ် ကော်ဖီမှုန့်စစ်စစ်ဖြင့် ဖျော်ထားသော ကော်ဖီတစ်ခွက်ကို သောက်သုံးပေးပါက သားအိမ်ကင်ဆာ ဖြစ်ပွားနိုင်မှု အခွင့်အလမ်း နည်းပါးစေကြောင်း ဗြိတိသျှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။

ကာကွယ်ပေးနိုင်

ကော်ဖီမှုန့်တွင်ပါရှိသော ဓာတ်တစ်မျိုးက ကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ဟန့်တားစေနိုင်ကြောင်း၊ အမျိုးသမီးများ အသက်အရွယ်ရလာချိန်တွင် ဖြစ်ပွားတတ်သည့် သားအိမ်ကင်ဆာအတွက် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အမျိုးသမီး ၁၁၀၀ကျော်ကို သုံးနှစ်ကြာ လက်တွေ့ကွင်းဆင်း သုတေသနပြုခဲ့ရာ ကော်ဖီစစ်စစ်ကို သတ်မှတ်နှုန်းအတိုင်း သောက်သုံးသူ အမျိုးသမီးများသည် သားအိမ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း နည်းပါးကြသည်ကို တွေ့ရှိရသည်ဟု ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သောက်သုံးသင့်

သို့သော် ကော်ဖီကို တစ်နေ့လျှင် တစ်ခွက်နှုန်းခန့်သာ သောက်သုံးသင့်ကြောင်းလည်း ဆက်လက် ၄င်းတို့က အကြံပြုထားသည်။

နည်းပညာသိပ္ပံ



ကမ္ဘာ့အမြန်ဆုံးမောင်းနှင်နိုင်သည့် ဓာတ်ခဲအားသုံး မော်တော်ယာဉ်

ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်မှ သုတေသနပညာရှင်များက ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်နိုင်သော ဓာတ်ခဲအားသုံး မော်တော်ယာဉ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။

ပြန်လည်အားဖြည့်နိုင်စွမ်းရှိသည့် ဓာတ်ခဲများကိုအသုံးပြုပြီး မြန်နှုန်းမြင့် မောင်းနှင်နိုင်အောင် တီထွင်ထုတ်လုပ်ထားသည့် မော်တော်ယာဉ်မှာ တစ်နာရီလျှင် ၁၀၉၃သမ၉၅ကီလိုမီတာနှုန်း မောင်းနှင်နိုင်သည်။

နည်းပညာထည့်သွင်း

အဆိုပါမော်တော်ယာဉ်၌ အသုံးပြုထားသည့် ဓာတ်ခဲများမှာ အေအေအမျိုးအစား ဓာတ်ခဲများဖြစ်ပြီး နေရောင်စွမ်းအင်ဖြင့် ပြန်လည်အားဖြည့်နိုင်အောင်လည်း နည်းပညာထည့်သွင်း အသုံးပြုထားသည်။

လောလောဆယ်အချိန်၌ မောင်းနှင်သူတစ်ဦးတည်းသာ စီးနင်းနိုင်ပြီး အမြန်ဆုံးမောင်းနှင်နိုင်သည့်နှုန်းမှာ တစ်နာရီ ၁၂၂မိုင်နှုန်းဖြစ်သည်။ မကြာမီ ခရီးသည်များ စီးနင်းနိုင်သော မော်တော်ယာဉ်များ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

တောင်ပစိဖိတ်ဒေသမှ ဖီဂျီကျွန်းစုနိုင်ငံ

သတင်းအက်ဆေး

ဖီဂျီနိုင်ငံသည် တောင်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ(ဖီဂျီကျွန်းစု သမ္မတနိုင်ငံ)ကို မီးတောင်နှင့် သန္တာကျွန်း ၈၀၀ကို့ဖြင့် ဖွဲ့စည်းထားသည်။ ရာသီဥတုနှင့် ဤနိုင်ငံ၏ ရေမြေအနေအထားတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တို့ အထူးအာရုံစိုက်စရာ ဒေသလည်း ဖြစ်သည်။



မတည်ငြိမ်

သို့သော် စစ်တပ်ကအာဏာသိမ်းသည့်အလုပ်မှာ မကြာခဏ ပေါ်ပေါက်တတ်သဖြင့် ရိုးနေပြီဖြစ်သော်လည်း မတည်ငြိမ်မှုကြောင့် ဤနိုင်ငံအနေဖြင့် တိုးတက်သင့်သလောက် မတိုးတက်ရပေ။ လက်ရှိခေါင်းဆောင်မှာ လွန်ခဲ့သည့်သုံးနှစ်က အနှစ် ၂၀အတွင်း စတုတ္ထမြောက် အာဏာသိမ်းပြီး တက်လာသူ ရေတပ်ဗိုလ်မှူးချုပ် ဖရန့်ဘိုင်နီမာရာမာ ဖြစ်သည်။

ပထမဆုံးရောက်

ဖီဂျီနိုင်ငံ သမိုင်းကိုကြည့်လျှင် ဒတ်ချ်နယ်သစ်ရှာဖွေသူ အေဘယ်တက်စမန်သည် ၁၆၄၃ခုနှစ်တွင် ဖီဂျီကျွန်းသို့ ရောက်ရှိလာရာ ၄င်းသည် ဤနိုင်ငံသို့ ပထမဆုံး ရောက်လာသည့် ဥရောပတိုက်သားဖြစ်သည်။ ၁၈၃၀ပြည့်နှစ်များတွင် ခရစ်ယာန် သာသနာပြုများ ရောက်လာသည်။ ၁၈၇၄ခုနှစ်တွင် ဤနိုင်ငံမှာ ဗြိတိသျှကိုလိုနီလက်အောက် ရောက်ရှိသည်။

ခေါ်ယူ

၁၈၇၉–၁၉၁၆ ခုနှစ်များအတွင်းတွင် ကြံစိုက်ပျိုးရေးအတွက် အိန္ဒိယနိုင်ငံမှ အလုပ်သမား ၆၀၀၀၀ကို စာချုပ်ဖြင့် ခေါ်ယူသည်။

၁၉၇၀ ပြည့်နှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရသည်။ ပထမဆုံး ဝန်ကြီးချုပ်မှာ ရာတုဆာကာမီဆက်မာရာဖြစ်သည်။ ၁၉၈၇ခုနှစ်တွင် ကာဗာဒရာဦးဆောင်သည့် အိန္ဒိယလူမျိုးအများအပြားပါသည့် ညွန့်ပေါင်းအစိုးရက ရွေးကောက်ပွဲ အနိုင်ရသောအခါ တိုင်းရင်းသား ဖီဂျီလူမျိုး ဝန်ကြီးချုပ် မာရာ၏ ၁၇နှစ်ကြာ အုပ်ချုပ်မှု နိဂုံးချုပ်သွားသည်။

ကြေညာ

၁၉၈၇ခုနှစ်မှာပင် ဖီဂျီနိုင်ငံရေးလောကတွင် ဖီဂျီတိုင်းရင်းသားများ လွှမ်းမိုးရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဒုတိယဗိုလ်မှူးကြီး ရာဘူကာက သွေးထွက်သံယိုမရှိ အာဏာသိမ်းလိုက်သည်။ နှစ်မကုန်မီ ဒုတိယအကြိမ် အာဏာသိမ်းလိုက်ပြီး ဖီဂျီသမ္မတနိုင်ငံဟု ကြေညာသည်။

ထို့ပြင် ဘုရင်ခံချုပ်ရာတုဆာဂါနီလောကို သမ္မတအဖြစ်ခန့်အပ်သည်။ သမ္မတဖြစ်လာသူ ဂါနီလောက ရာတုမာရာကို ဝန်ကြီးချုပ်ခန့်အပ်သည်။ ထိုအခါ ဖီဂျီနိုင်ငံကို ဓနသဟာယအဖွဲ့မှ ထုတ်ပယ်လိုက်သည်။

ဖယ်ရှား

၁၉၈၉ခုနှစ်တွင် ထောင်ပေါင်းများစွာသော အိန္ဒိယနွယ်ဖွား ဖီဂျီနိုင်ငံသားများသည် နိုင်ငံကို စွန့်ခွာသွားကြသည်။ ၁၉၉၉ခုနှစ်တွင် အိန္ဒိယနွယ်ဖွား မဟိန္ဒရာချောင်ဒရီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၀ပြည့်နှစ် မေလတွင် စီးပွားရေးသမား ကျားစပိုက်နှင့် စစ်ထွက်အီလန်ဆိုနီတို့က ပါလီမန်အဆောက်အအုံကိုဝင်စီးပြီး ဝန်ကြီးချုပ်ချောင်ဒရီနှင့်ဝန်ကြီးများကို ဓားစာခံအဖြစ် ဖမ်းလိုက်သည်။ သမ္မတမာရာက ဖီဂျီနိုင်ငံ အကြီးအကဲများကောင်စီ၏ အမိန့်ဖြင့် ဝန်ကြီးချုပ်ချောင်ဒရီအား ရာထူးမှ ဖယ်ရှားလိုက်သည်။

ဖီဂျီနိုင်ငံ၌ ထိုသို့သောဖြစ်ရပ်များ မကြာခဏတွေ့ကြုံရမှုကြောင့် စီးပွားရေး အကြီးအကျယ် ထိခိုက်ခဲ့ရသည်။ ခရီးသွားလုပ်ငန်း အထိနာသည့်အပြင် နိုင်ငံတကာတွင် ဟိုးလေးတကျော်ဖြစ်ရသည်။

တစ်ဖန် ၂၀၀၆ခုနှစ်တွင် နှစ်ပေါင်း၂၀ အတွင်း စတုတ္ထအကြိမ်အဖြစ် အာဏာသိမ်းမှု ဖြစ်ခဲ့ပြန်သည်။

နေထိုင်

ဖီဂျီပြည်သူအများစုမှာ ဗီတီလေဗူကျွန်းနှင့် ဗာနူအာလေဗူကျွန်းကြီး နှစ်ကျွန်းတွင် နေထိုင်ကြပြီး တိုင်းရင်းသား ဖီဂျီများနှင့် အိန္ဒိယနွယ်ဖွား ဖီဂျီများအကြား အဓိက သဘောကွဲလွဲနေကြခြင်း ဖြစ်သည်။ တရုတ်၊ ရိုတူမန်ကဲ့သို့သော လူနည်းစုလူမျိုးများလည်း နေထိုင်သည်။

နိုင်ငံခြားငွေရရှိရေးတွင် သကြားနှင့် ခရီးသွားလုပ်ငန်းအပေါ် အဓိက မှီခိုနေရသော်လည်း ရွှေ၊ ငွေ၊ ထုံးကျောက်တို့ကို တူးဖော်ရရှိသည်။ ထို့ပြင် ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍမှာလည်း အားကောင်းသည်။

ဤနိုင်ငံမှာ ကုန်သွယ်ရေးလိုငွေပြမှုနှင့် ဘတ်ဂျက်လိုငွေပြမှု ကြီးမားခြင်းကြောင့် ကမ္ဘာပေါ်တွင် ဖီဂျီနိုင်ငံသည် ထောက်ပံ့ကူညီမှု အများဆုံး ရသည့် နိုင်ငံဖြစ်သည်။

နှင်ထုတ်

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၅ရက်က ဖယ်ရှားခံရသည့် ဝန်ကြီးချုပ် လိုင်ဆင်နီယာကာရာဆေးမှာ ဖီဂျီနိုင်ငံကို ချောက်ထဲတွန်းချသူဖြစ်၍ မြို့တော်ဆူဗာမှ သူ့ဇာတိကျွန်းသို့ နှင်ထုတ်လိုက်ရကြောင်း ယာယီဝန်ကြီးချုပ် ဘိုင်နီမာရာမာက ကြေညာသည်။ ရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးမည်ဟုလည်း ကြားဖြတ်အစိုးရက ကြေညာသည်။

ယခုအခါ ပိုမိုတိုးတက်သည့် ဖီဂျီနိုင်ငံ တည်ဆောက်ရေးအမျိုးသားကောင်စီကို ဖွဲ့စည်းထားသည်။ ဤကောင်စီက ပြည်သူ့ချာတာခေါ် ပြည်သူတို့၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များဆိုင်ရာ စာတမ်းကိုရေးဆွဲသည်။ ဖီဂျီနိုင်ငံကို မကြာခဏအာဏာသိမ်းမှုဖြင့် မကောင်းသတင်းကျော်ကြားမှု ကင်းသွားအောင် အခြေခံပြဿနာများကို ကိုင်တွယ်ရှင်းလင်းရမည်ဟု ဝန်ကြီးချုပ် ဘိုင်နီမာရာမာက ပြောကြားထားသည်။ ။

ကိုးကား–အင်တာနက် **တိုး ရေးသားသည်**

ဘဝဒဿန

■ ***By uniting we stand; by diciding we fall.***

❒ စည်းလုံးညီညွတ်ခြင်းကြောင့်သာ ကျွန်ုပ်တို့ ရပ်တည်နိုင်ပြီး တကွဲတပြားစီ ဖြစ်နေခြင်းဖြင့် ကျွန်ုပ်တို့ ကျဆုံးနိုင်သည်။

ဥွန်ဒစ်ကင်ဆန်(အင်္ဂလိပ်လူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသမီး

တရုတ်နိုင်ငံမြောက်ပိုင်း တီအန်ကျင်းမြို့မှ အသက်၂၇နှစ်အရွယ် တရုတ်အမျိုးသမီး ကျောင်လိန်း၏ အရပ်အမြင့်မှာ ၂ဒသမ ၄၆မီတာရှိရာ ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးအမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ သူမ၏ အရပ်အမြင့်သည် ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသားတစ်ဦးဖြစ်သည့် တရုတ်အမျိုးသား ဘိုစီရှန်ထက် ၁၀စင်တီမီတာ ပိုမြင့်ကြောင်း သိရသည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ရွှေဒင်္ဂါး

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့ ပြတိုက်တွင် ပြသထားသော ရွှေဒင်္ဂါးတစ်ပြား၏ အရွယ်အစားမှာ အချင်း၅၀စင်တီမီတာ၊ အထူ သုံးစင်တီမီတာရှိပြီး အလေးချိန်ကီလိုဂရမ် ၁၀၀ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံး ရွှေဒင်္ဂါးပြားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ အဆိုပါရွှေဒင်္ဂါးပြား၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၄သန်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(အင်တာနက်ဓာတ်ပုံ)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဧပြီ ၁၉

ရခိုင်ပြည်နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ရက် နံနက် ၈နာရီက စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)ပြခန်းကို ကြည့်ရှုအားပေးကြသည်။

သရုပ်ပြ

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် စစ်တွေမြို့ မင်းဝံရပ်ကွက်တွင် ကျင်းပသော အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ယင်လုံအိမ်သာ သရုပ်ပြတည်ဆောက်ခြင်းတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်စပါးအောင်မြင်ဖြစ်ထွန်းမှုနှင့်စပါးခွဲလှောင်စာသုံးဓာတ်အားပေးစက်

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဧပြီ ၁၉

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့နယ် ဆော်ဒီးဒေါ်ကျေးရွာအနီးရှိ နီးကိုးလျှပ်စစ်ရေတင်လုပ်ငန်းသို့ ဧပြီ ၂ရက် နံနက် ၈နာရီက သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နှစ်စပါး၈က ၂၀၀ ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် မြင်းကောင်ရေဝရှိ အင်ဒတ်ရှင်းမော်တာများ အခြေနေ၊ ရေစုပ်စက်များဖြင့် မိုးဖြဲလက်ဝဲမြောင်းမှ ရေကိုစုပ်တင်၍ ပင်မအုတ်စီမြောင်းအတိုင်း ရေတင်ပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ရေတင်စက် ပင်မအုတ်စီမြောင်းနှင့်တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် တောင်သူဦးသာမိုး၏ နှစ်စပါး ၃ဒသမ၅၀ဧကတွင် ဆင်းရှေ့ဝါစပါးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ တမန်းနှံး၊မြေသြဇာကြဲ၊ပေါင်းနုတ်၊ မြေပြင်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် လွိုင်ကော်မြို့နယ် ဝါရီကောခူကျေးရွာတွင် ကီလိုဝပ် ၅၀ စပါးခွံလောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက် စမ်းသပ်မောင်းနှင်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေများ၊ ကုန်းသာကျေးရွာအနီး ဒေသခံတောင်သူများ၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နှစ်စပါးစိုက်ခင်းများအား လိုက်လံကြည့်ရှုကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၁၆ရက် နံနက်ပိုင်းက အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းခန်းမဆောင်၌ စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းအောင်က သဘာဝဓာတ်ငွေ့ရရှိမှုပမာဏနှင့် စက်များ မောင်းနှင်၍ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်အခြေအနေ၊ စက်သုံးဆီ(ဒီဇယ်)ဖြင့် တာဘိုင်စက်မောင်းနှင်၍ ရရှိလာသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်စပါးစိုက်ပျိုးမှု အခြေအနေများ

တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ရက်က မင်းဘူး(စကု)မြို့နယ် ကျွဲတဲကျေးရွာ၌ တောင်သူ ဦးသောင်းကြည်၏ လယ်မြေ ၂ ဒသမ၃၉ဧက၌ ပေါင်းစည်း လယ်ယာစနစ် ဆောင်ရွက်ထားရှိမှု၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာတွင် ဒေသခံတောင်သူ ဦးသန်းကို၏ ပေါင်းစည်းလယ်ယာတွင် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဘုရားကျေးရွာတွင် မဲဇလီရေလွှဲဆည်၊ တောင်မုန်းမြောင်းမကြီးမှ ရေကို လျှပ်စစ်ရေတင်စနစ်ဖြင့် နှစ်စပါး ၁၅ဧက စိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

တွေ့ဆုံ

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းဥက္ကဋ္ဌသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ပွင့်ဖြူမျိုးသန့်ခြံတွင် ဆင်းရတနာ(၄)၊ နှမ်းသီးနှံ စမ်းသပ်စိုက်ကွက် ဆောင်ရွက်ထားရှိမှု၊ စလင်းမြို့နယ် တောစိမ့်ကျေးရွာ ပေါင်းစည်းလယ်ယာမြေ၊ စလင်းမြို့နယ် တညောင်ဒေသရှိ တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စက် ကြွံခိုင်ကောင်းမွန်မှုနှင့် နှစ်စပါးစိုက်ပျိုးရေပေးဝေနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက နှစ်စပါး၈က ၁၀၀ စိုက်ပျိုး ဆောင်ရွက်နေမှုနှင့် ချောက်မြို့နယ် ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေသောက်ဧရိယာအတွင်းရှိ ရသစ်ကျေးရွာအုပ်စုတွင် နှစ်စပါး ၁၃၆ဧက အပြီးသတ် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပီအိတ်ချ်ဒီဘွဲ့ ချီးမြှင့်ခြင်းခံရသော

သမားတော်ဆရာမြင့်အား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ အရှေ့တိုင်း ရှေးဟောင်းအာယုဗ္ဗေဒဆေးပညာ တက္ကသိုလ်မှ Ph.D(AYURVEDIC MEDICINE) ဘွဲ့ချီးမြှင့်ခံရသော မြန်မာနိုင်ငံမှ တိုင်းရင်းဆေးသမားတော် ဆရာမြင့်(စာရေးဆရာ ဆရာမြင့်-စကြာမင်း) အား မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာအသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့တို့က ဂုဏ်ပြုချီးကျူးသည့် အခမ်းအနားကို ဧပြီ ၈ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ သမားတော်ကြီးဦးမောင်ဉာဏ်၊ ဗိုလ်မှူးကြီး သိုက်ထွန်း (ဒုတိယဝန်ကြီး၊ ငြိမ်း)၊ မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ရှိန် (မင်းကြော့ရှိန်)တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ ပုပ္ပားဆရာကျော်က ဒေါက်တာဆရာမြင့်(စကြာမင်း)၏ မြန်မာနိုင်ငံ တိုင်းရင်းသမားတော်တစ်ဦးအနေဖြင့် ဂုဏ်ယူဖွယ်ရာ ပါရဂူဘွဲ့ရရှိအောင် ကြိုးပမ်းလုံ့လပြုခဲ့ရပုံများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ ဂုဏ်ပြုဆုတံဆိပ်များကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဦးမောင်ဉာဏ်ကလည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ရှိန် (မင်းကြော့ရှိန်)ကလည်းကောင်း ဒေါက်တာဆရာမြင့် (စကြာမင်း)သို့ ဂုဏ်ပြု ချီးမြှင့်ပေးအပ်ကြသည်။ (ယာပုံ) (၁၁၈)

ကျောက်ဆည်မြို့နယ် ကလိုင်ကျော်ကျေးရွာ

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ဆည် ဧပြီ ၁၉

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကလိုင်ကျော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉နာရီက အဆိုပါကျေးရွာရှိ ရွှေကျော်မြေစာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်စိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ရေရှည်လုပ်ငန်းစဉ်(၅)ရပ်နှင့် စာဌားကတ်ကျင့်သုံးရေး ဆွေးနွေးပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် အသင့်ချုပ်ပြီး နေ့စဉ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ဒို့ကျေးရွာစာစောင်များကိုလည်းကောင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၇၅၀၀၀ ကိုလည်းကောင်း၊ ဦးမောင်စိန် (မိသားစု)က ငွေကျပ် ၈၅၀၀တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ ၁၄အုပ်နှင့် ဦးအောင်ဆွေဦး (မိသားစု)က ငွေကျပ် ၅၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ အုပ်၂၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ (ခရိုင် ပြန်/ဆက်)

ဟိုခိုသစ်သားတံတား

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဟိုခိုသစ်သားတံတား ပြုပြင်တည်ဆောက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။

(ပြည်နယ်စည်ပင်)

နွားထိုးကြီးမြို့နယ် စည်ပင်ရေရရှိရေး ဆောင်ရွက်

နွားထိုးကြီး ဧပြီ ၁၉

နွားထိုးကြီးစည်ပင်သာယာရေးအဖွဲ့ မြို့နေပြည်သူများ နွေရာသီ သောက်သုံးရေမခက်စေရေးအတွက် မြို့ရေပေးရေး လုပ်ငန်းကို မတ်၃၀ရက်က အင်ဂျင်စက်ခုတ်ရေတင်စနစ်မှ လျှပ်စစ်မော်တာသုံးအဖြစ် ငွေကျပ်သိန်း၂၀ကျော် အကုန်ကျခံ ပြင်ဆင်ရာ အမှတ် (၅)၊ (၄)၊ (၃)၊ (၂)ရပ်ကွက် အများသုံးရေတိုင်များ ယခင်ပုံမှန်အတိုင်း ရက်ခြား စည်ပင်ရေကို အခမဲ့ ပေးဝေပြီး အိမ်ရောက်လပေး ရေတိုင်များကိုလည်း ရေပေးလျက်ရှိကြောင်း သိရသည်။ (၀၉၂)

ပေါက်မြို့နယ် သမစိတ္တလမ်းကျောက်ချောခင်း

ပေါက် ဧပြီ ၁၉

ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရှိ သမစိတ္တလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း စက်ယန္တရားများ အသုံးပြုဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသီဟစိုးတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၉

ဧရာဝတီတိုင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ဧပြီ၉ရက် နံနက်၈နာရီက ပုသိမ်မြို့ ရော့ရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏သဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ပြသထားသော လက်ကမ်းစာစောင်များ၊ လှုပ်ရှားမှုဓာတ်ပုံများနှင့် ပိုစတာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု တနိုင်းမြို့တွင် စည်းလုံးခြင်းသည်အင်အား ရုပ်တုဖွင့်

တနိုင်း ဧပြီ ၁၉

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တနိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသည့် စည်းလုံးခြင်းသည်အင်အားရုပ်တု ဖွင့်ပွဲအခမ်းအနားကို မတ်၂၆ရက်က တနိုင်းမြို့၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းတို့က **(ယာပုံ)**စည်းလုံးခြင်းသည်အင်အား ရုပ်တုကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မတ် ၁၄ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲကို မြို့နယ်ခန်းမတွင် ကျင်းပရာ ဒုတိယဝန်ကြီးက တက်ရောက်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (၀၀၇)

အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေး သင်တန်းဆင်း

မြစ်ကြီးနား ဧပြီ ၁၉

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးငယ်ရွယ်ဘက်စုံဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲကို ဧပြီ ၁၁ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နာယက ဒေါ်သန်းသန်းနွယ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း ထူးချွန်ဆု ပထမရရှိသူ မကေဇင်စိုးနိုင်၊ ဒုတိယဆုရရှိသူ မဆွတ်လုံနှင့် တတိယရရှိသူ မစိမ့်ဖြူသွယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းလက်မှတ်

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များ၊ ရှေးဦးသူနာပြု သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေး အပ်ချီးမြှင့်ကြပြီး အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာအစောင် ၆၀ ကို သင်တန်းသူကိုယ်စားလှယ်တစ်ဦးက ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းထံသို့ ပေးအပ်သည်။

တက်ရောက်ခဲ့

အဆိုပါသင်တန်းကို မတ် ၄ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်လ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၀၃)

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် ဧပြီ ၁၉

ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ၁ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား အပူဇော်ခံရန်ဖိတ်ကြားထားပြီး ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၆၃၈၃၅၅၊ ၃၉၆၃၁၂ နှင့် ၀၉-၅၁-၇၂၃၄၂ တို့သို့ ဆက်သွယ်နိုင်သည်။

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲကို ဧပြီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR)က စီမံခန့်ခွဲမှုပညာဖွံ့ဖြိုးတိုးတက်စေသော အစီအစဉ်များခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်အာစရိယပူဇော်ပွဲ

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအပတ်စဉ် ၁၇၊၁၈ နှင့် ၁၉တို့ ပူးပေါင်း၍ ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မေ၂ရက် (စနေနေ့) ညနေ ၅နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ပင်ဒါပဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး အလှူငွေနှင့် ပစ္စည်းများထည့်ဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၈၅၁၃၁၊ ၀၉-၈၀-၂၄၈၀၀ နှင့် ၀၉-၅၁-၅၄၅၇၄ တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၁)လှိုင် မြတ်ဆရာပူဇော်မည်

အထက(၁)လှိုင် (၁၉၈၆ မှ ၁၉၉၄ အထိ) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၁၁၅၂၀၊ ၅၁၆၁၂၀နှင့် ၀၉-၅၁-၄၈၃၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အဆိုပါစာသင်နှစ်များ၏ကျောင်းအုပ်ကြီးများ၊ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အလေးမဒိုင်လူကြီးသင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ကြီးမှူးပြီး ၂၀၀၉ ခုနှစ် အလေးမဒိုင်လူကြီး သင်တန်းကို မေ ၁၁ ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်ရာ ဧပြီ ၃၀ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စာရင်းပေးသွင်းနိုင်ပြီး ဖုန်း-၃၈၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထက(၁)စမ်းချောင်း မြတ်ဆရာပူဇော်မည်

အထက(၁)စမ်းချောင်း၌ ၁၉၈၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအားကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ပွဲကို မေ ၁ရက် (သောကြာနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၁-၅၃၅၇၅၃၊ ၀၁-၅၀၁၇၀၅ နှင့် ၀၉-၅၁-၇၄၀၂၀ တို့သို့ ဆက်သွယ်နိုင်သည်။

သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှကြီးမှူးပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ပူးပေါင်းကျင်းပမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉)ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပမည်ဖြစ်ပြီး ကွန်ပျူ တာပစ္စည်းနှင့် ဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာအသုံးချ ဆော့ဖ်ဝဲနည်းပညာများ ပါဝင်ပြသမည်ဖြစ်သည်။

ကြက်ခြေနီ ဓာတ်ဆားထုပ်ဝယ်ယူနိုင်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ရန်ပုံငွေအဖြစ် ထုတ်လုပ်ရောင်းချသည့် ကြက်ခြေနီတံဆိပ် ဓာတ်ဆားထုပ်များကို ဝယ်ယူခြင်းဖြင့် ကုသိုလ်ယူနိုင်ပြီး ဝမ်းလျှောခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းအတွက် သောက်သုံးနိုင်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှတ် ၄၂ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၀၂၇နှင့် ၃၈၃၆၈၅တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

သက်တန်းအလိုက် တံခွန်စိုက်စစ်တုရင် ပြိုင်မည်

*မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၉ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် အသက် ၅၀နှင့်အထက် စီနီယာ တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မေ၁ရက်မှ မေ ၉ရက်အထိ မိုးလုံလေလုံအားကစားရုံ (အောင်ဆန်းအားကစားပြိုင်ကွင်း)၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဧပြီ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ // **(မြန်မာ့အလင်း)***

စုစည်းရေးသားသူ - ဝင်းကျော်

ကန့်ဘလူ၌ မိုးစပါးစီမံကိန်း တာဝန်ပေးအပ်

ကန့်ဘလူ ဧပြီ ၁၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၁ရက် နံနက်၁၀နာရီက ကန့်ဘလူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ခုနှစ် ကန့်ဘလူမြို့နယ် မိုးစပါးစီမံကိန်းတာဝန်များကို ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁အုပ်စုတို့မှ ဥက္ကဋ္ဌများအား တိုက်နယ်အလိုက် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က ပေးအပ်ကြောင်း သိရသည်။ (၀၂၇)

မိုးကောင်း၌ စည်းလုံးခြင်းသည်အင်အား ရုပ်တုဆောင်ရွက်

မိုးကောင်း ဧပြီ ၁၉

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို မတ်၂၉ရက်က မိုးကောင်းမြို့ ဦးဘိုးစောလမ်းနှင့် ပြည်ထောင်စုလမ်းဆုံ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်းလုံးခြင်းသည်အင်အားရုပ်တု ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

20-4 (07).pmd 1 4/20/2009, 3:05 AM

ဒေသခံပြည်သူများကို ခေတ်မီသွားစိုက်ခုံနှင့် သွားရောဂါတွေ ကုသပေးနိုင်တော့မည်

● ရှေ့ဖုံးမှ

ဟိုပန်မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် တွေ့ဆုံ၍ ဆေးရုံအကြောင်းသိရှိနိုင်ရန်မေးမြန်းခဲ့သည်။ ဆေးရုံအုပ်ကြီးက "ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံဟာ ဟိုပန်မြို့နယ်ကောင်းဟုန်းအရပ်မှာ တည်ရှိပါတယ်။ ခြောက်ဧကမျှ ကျယ်ဝန်းပြီး (၁၆)ခုတင်ဆံ့ ဆေးရုံဖြစ်ပါတယ်။ ဆေးရုံမှာ ဆေးရုံအုပ်ကြီးရုံးခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီး လူနာဆောင်၊ ကလေးမွေးခန်း၊သွားစိုက်ခန်း၊ ဓာတ်မှန်ခန်း၊ သုတေသနခန်းနှင့် ဝန်ထမ်းအိမ်ရာများနဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်"ဟု ဦးစွာ ရှင်းလင်းပြောပြသည်။

"ဟိုပန်ဆေးရုံမှာ လည်ပင်းကြီးရောဂါ ဖြစ်ပွားသူများကို ခွဲစိတ်ကုသပေးရတာ များပါတယ်"

ဒေါက်တာမြင့်ဦး
ဆေးရုံအုပ်ကြီး
ဟိုပန်ပြည်သူ့ဆေးရုံ။

ဝန်ထမ်းအင်အား

ဝန်ထမ်းအင်အားအခြေအနေနှင့် ပတ်သက်၍လည်း မေးမြန်းကြည့်ရာ "ဒီဆေးရုံမှာ ဆေးရုံအုပ်ကြီး တစ်ဦး၊ လက်ထောက် ဆရာဝန် တစ်ဦး၊ သွားဆရာဝန် တစ်ဦးနဲ့ သူနာပြုဆရာမ ခြောက်ဦး ရှိပါတယ်။ သန့်ရှင်းရေးဝန်ထမ်းနဲ့ အကူဝန်ထမ်းများလည်း ရှိပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ နေ့စဉ်လူနာကုသပေးရမှုအခြေအနေကို မေးမြန်းကြည့်ရာ "နေ့စဉ်လူနာ ၄၀ကျော်လောက် ကုသပေးနေရပါတယ်။ ကုသပေးရတဲ့လူနာတွေထဲမှာ အများဆုံး ကုသပေးရတဲ့ ရောဂါဟာ လည်ပင်းကြီးရောဂါဖြစ်ပါတယ်။ဒီဆေးရုံမှာအများအားဖြင့် ဟိုပန်မြို့နယ်နဲ့ ပတ်ဝန်းကျင်မြို့နယ်များဖြစ်တဲ့ နမ့်ဇလပ်၊ သိန်းနီ၊ ချင်းရွှေဟော်နဲ့ လောက်ကိုင်မြို့နယ်များမှ လူနာများအပြင် တရုတ်နိုင်ငံနယ်စပ်မှ လူနာအချို့လဲ လာရောက်ကုသမှုခံယူကြ ပါတယ်" ဟု ရှင်းပြသည်။

အိုင်အိုဒင်း

လည်ပင်းကြီးရောဂါသည် အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားသောရောဂါဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်လည်ပင်းကြီးရောဂါပပျောက်ရေးအတွက် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေး စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များကလည်း မြို့နယ်အတွင်း အိုင်အိုဒင်းဆား ရောင်းချမှုအခြေအနေကို အမြဲမပြတ် စစ်ဆေးနေသည့်သတင်းများလည်း ကြားသိနေရသည်။

ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကျေးရွာများသို့ ကွင်းဆင်း၍ အိုင်အိုဒင်းဆားထုပ်များ ဝေငှခြင်း၊ သံဓာတ်ပါသော ဆေးပြားများပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးနေခြင်းကြောင့် ယခုအခါ လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုမရှိသလောက် ရှိနေပြီဖြစ်သည်။ သို့သော် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် လည်ပင်းကြီးရောဂါသည်များ အများဆုံး ကုသပေးနေရသည်ဟု သိရသဖြင့် စိတ်ဝင်တစားဖြစ်မိရာမှ ဆေးရုံအုပ်ကြီးအား လည်ပင်းကြီးရောဂါနှင့် ပတ်သက်၍ မေးမြန်းစေ့ငုကြည့်မိသည်။

အခု တပ်မတော်အစိုးရလက်ထက်မှာ ဒေသကလည်း ငြိမ်းချမ်းသွားပြီး လမ်းပန်းဆက်သွယ်ရေးက အလွန် ကောင်းလာတယ်၊ ဒေသခံပြည်သူတွေ စီးပွားရေး အခွင့်အလမ်းတွေ ပွင့်လန်းလာပြီး လူနေမှုအဆင့်အတန်းတွေ မြင့်လာတယ်။ ကျန်းမာရေး ဗဟုသုတတွေ ရှိလာတယ်၊ နောက်ပြီး ဆေးရုံတွေကလည်း ခေတ်မီဆေးဝါးတွေ၊ ဆရာဝန်၊ ဆရာမတွေကလည်း ပြည့်စုံလာတော့ ဒေသခံပြည်သူတွေဟာ ခံစားနေရတဲ့ ရောဂါဝေဒနာတွေကို အခုမှ လာရောက်ပြသဖြစ်ခဲ့ကြတာပါ။

လည်ပင်းကြီးရောဂါ

ဆေးရုံအုပ်ကြီးက "ဒီလည်ပင်းကြီးရောဂါသည် လူနာတွေဟာ အခုမှ ဖြစ်တာမဟုတ်ပါဘူး။ အရင်ကတည်းက ဖြစ်ခဲ့ကြတာပါ။ အရင်တုန်းက ဒီဒေသတွေဟာ မငြိမ်းချမ်းခဲ့ပါဘူး။ လမ်းပန်းဆက်သွယ်ရေးကလဲမကောင်းဘူး၊ ဒေသတစ်ခုနဲ့တစ်ခု သွားလာရာမှာလဲ စိုးတထိတ်ထိတ်နဲ့ သွားလာခဲ့ရတဲ့ အချိန်ပေါ့။ ဒေသခံပြည်သူတွေ စီးပွားရေး ကျပ်တည်းပြီး လူနေမှုအဆင့်အတန်း နိမ့်ကျခဲ့ရတယ်။ ဆေးရုံ ဆေးခန်းတွေကလဲ ဆေးဝါးက မပြည့်စုံ၊ သွားလာရတာက မလွယ်ကူတာလဲ ပါတာပေါ့။ နောက်ပြီး လည်ပင်းကြီးရောဂါက ဆေးမကုသဘဲ နေလို့ရတဲ့ ရောဂါဆိုတော့ ဒီအတိုင်းပဲ နေနေကြတာများတယ်။

ရှင်းလင်းပြောကြား

အခု တပ်မတော် အစိုးရ လက်ထက်မှာဒေသကလည်း ငြိမ်းချမ်းသွားပြီး လမ်းပန်းဆက်သွယ်ရေးက အလွန်ကောင်းလာတယ်၊ ဒေသခံ ပြည်သူတွေ စီးပွားရေး အခွင့်အလမ်းတွေ ပွင့်လန်းလာပြီး လူနေမှုအဆင့်အတန်းတွေ မြင့်လာတယ်။ ကျန်းမာရေး ဗဟုသုတတွေရှိလာတယ်၊နောက်ပြီး ဆေးရုံတွေကလည်း ခေတ်မီ ဆေးဝါးတွေ၊ ဆရာဝန်၊ ဆရာမတွေကလည်း ပြည့်စုံလာတော့ ဒေသခံ ပြည်သူတွေဟာ ခံစားနေရတဲ့ ရောဂါဝေဒနာတွေကို အခုမှလာရောက်ပြသဖြစ်ခဲ့ကြတာပါ" ဟု မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ခွဲစိတ်ကုသရန်ပြင်ဆင်မှု

အိုင်အိုဒင်းချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါ ဖြစ်ပွားနေသူ ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာနေ တောင်သူ ဦးချမ်းဆောင်အား ခွဲစိတ်ကုသရန် ပြင်ဆင်ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

အခမဲ့ကုသ

ဆက်လက်၍ ဆေးကုသမှုနှင့် ပတ်သက်၍လည်း မေးကြည့်ရာ "ဒီဆေးရုံမှာ လူနာအားလုံးကို အခမဲ့ဆေးဝါး ကုသပေးနေပါတယ်၊ ကျွန်တော်တို့ ဆေးရုံမှာ စေတနာရှင်အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းထားတဲ့ ဆေးပဒေသာပင်ရှိပါတယ်၊ ဒီဆေးပဒေသာပင်ကရရှိတဲ့ အတိုးအညွန့်နဲ့ လူနာတွေကို အခမဲ့ဆေးဝါးကုသမှု ပေးနေတာပါ။ ဒီနောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးက ကောင်းလာပြီး လူတွေလည်း ကျန်းမာရေးဗဟုသုတတွေရှိလာလို့ ဆေးရုံကို အားကိုးတကြီး လာရောက်ပြသသူတွေများလာတယ်။နေ့စဉ်လူနာဦးရေက တိုးတက်များပြားလာလို့ နေရေး၊ ထိုင်ရေးနဲ့ ငွေကြေး အခြေအနေ အခက်အခဲ ဖြစ်လာရတယ်၊ လိုအပ်တဲ့ ငွေကြေးကို ဆေးရုံ အကျိုးတော်ဆောင်အဖွဲ့ရဲ့ လှူဒါန်းငွေ၊ စေတနာရှင်များရဲ့ လှူဒါန်းငွေတွေနဲ့ ကုသပေးနေရတာပါ"ဟု ရှင်းပြသည်။

ကြည့်ရှု

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ဆေးရုံအတွင်း လူနာဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။ လူနာအရေအတွက်နှင့် ခုတင် အချိုးအစား မမျှတ၍ တချို့လူနာများကို ကွပ်ပျစ်လေးများနှင့် ကုသပေးနေရသည်ကို တွေ့ရသည်။ ဆရာဝန်၊ သူနာပြုဆရာမလေးများသည်ရှိသည့်အင်အားဖြင့် လူနာများကို စေတနာ မေတ္တာ အပြည့်အဝဖြင့် ပြုစုစောင့်ရှောက်မှုပေးနေသည်ကို တွေ့ခဲ့ရသည်။

ခွဲစိတ်ခန်း

ခွဲစိတ်ခန်းဘက် အရောက်တွင် လည်ပင်းကြီးရောဂါသည် တစ်ဦးအား ခွဲစိတ်ရန် ပြင်ဆင်နေသည်ကို တွေ့ရ၍ ဝင်ရောက် မေးမြန်းရာ "ကျွန်တော့် နာမည်က ဦးချမ်းဆောင်လို့ ခေါ်ပါတယ်။ ဟိုပန်မြို့နယ် ပန်ကောက် ကျေးရွာမှာ နေပါတယ်။ တောင်သူတစ်ယောက်ပါ။ဒီဆေးရုံက ခွဲစိတ်မှုကောင်းလို့ လာရောက်ခွဲစိတ်ကုသမှုခံယူတာပါ" ဟု ပြောပြသည်။

သွားစိုက်ခန်း

ဆက်လက်၍သွားစိုက်ခန်းဘက်သို့ သွားရောက်ကြည့်ရှုရာ ခေတ်မီသပ်ရပ်သစ်လွင်သော သွားစိုက်ခုံကို တွေ့မြင်ရ၍ မေးကြည့်ရာ "ဒီသွားစိုက်ခုံကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် လာရောက်လှူထားတာ ဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီ ၆ ရက်ကပါ။ အခုတော့ ဒေသခံပြည်သူတွေကို ခေတ်မီသွားစိုက်ခုံနဲ့ သွားရောဂါတွေ ကုသပေးနိုင်တော့မှာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ပြုစုစောင့်ရှောက်ပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးက ဗမာလူမျိုး၊လက်ထောက်ဆရာဝန်က ကချင်ပြည်နယ်က ကချင် တိုင်းရင်းသူ ဖြစ်သည်။ သို့သော်လည်း ဆေးရုံအုပ်ကြီး၊ လက်ထောက် ဆရာဝန်နှင့် သူနာပြုဆရာမလေးများသည် မိမိတာဝန်ကျရာဆေးရုံတွင် လာရောက်ကုသမှုခံယူနေကြသည့် ဒေသခံ ပြည်သူများ၏ ကျန်းမာရေးကို ရှိတဲ့ဝန်၊ ရှိတဲ့အင်အားဖြင့် စေတနာ၊ မေတ္တာ အပြည့်အဝထားကာ ပြုစုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သွားကျန်းမာရေး

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် လှူဒါန်းထားသော သွားဘက်ဆိုင်ရာ ကျန်းမာရေးအတွက် သွားစိုက်ခုံ တစ်စုံဖြင့် ဟိုပန်မြို့နယ် ပြည်သူများအား သွားကျန်းမာရေးကုသစောင့်ရှောက်ပေးနေပုံကို ဆေးရုံအုပ်ကြီးက ဤသို့ ရှင်းလင်းပြသသည်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

တစ်နာရီ

"ဒီလေယာဉ်က ပန်ကာမပါတဲ့ လေယာဉ်မို့ တစ်နာရီလောက်ပဲ စီးရတာ၊ အရင်တုန်းက စီးနေရတဲ့ ပန်ကာနဲ့ လေယာဉ်ဆိုရင် နှစ်နာရီလောက်စီးရတယ်"ဟု နံဘေးမှာ ထိုင်နေသော ခရီးဖော် ဒေသခံ တိုင်းရင်းသားတစ်ဦးက ပြောကြားသည်။

"လေယာဉ်ပြေးလမ်း ချဲ့လိုက်လို့ ဒီလိုလေယာဉ်မျိုး ဆင်းလို့ရတာလို့ သိရတယ်ဗျ"ဟု ပြေးလမ်းကို ညွှန်ပြရင်း ဆက်၍ ပြောပြနေသည်။

လေယာဉ်သည် ပြေးလမ်းမှ တစ်ဆင့် ကွန်ကရစ်ဖြင့်တည်ဆောက်ထားသော လေယာဉ် ရပ်နားရန်နေရာသို့ ဆက်လက် သွားရောက်ရပ်နားပြီးမှ ခရီးသည်များ ဆင်းရသည်။

မေးမြန်းလေ့လာ

လေယာဉ်ပေါ်မှ အဆင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးကို အဆင်သင့်ပင် တွေ့ရ၍ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုကို မေးမြန်းလေ့လာခဲ့သည်။

အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း လုပ်ငန်းကို ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေတွေနဲ့ ဆောင်ရွက်ခဲ့ရာမှာ ယခု လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်လို့ မကြာမီဖွင့်လှစ်တော့မှာပါ"ဟု ပဏာမ ရှင်းလင်းပြောကြားသည်။

ရာနှုန်းပြည့်

လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူး (မြို့ပြ) တာဝန်ယူထားသူ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးသန်းထူးအောင်ကလည်း "ကျွန်တော်တို့အဖွဲ့အနေနဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရမယ့် လေယာဉ်ရပ်နားဖို့နေရာတည်ဆောက်ပေးခြင်းအပါအဝင် အဓိကလုပ်ငန်းကြီး(၄)ရပ်ကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ပြောကြားပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆက်လက် ရှင်းလင်းပြောကြားသည်။

တည်ရှိ

ကျိုင်းတုံလေဆိပ်သည် ကျိုင်းတုံမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၈၀၀ ၌ တည်ရှိသည်။ လေယာဉ်ကွင်း၏ မူလပြေးလမ်းမှာ အလျားပေ၄၇၀၀၊ အကျယ်ပေ၇၀သာရှိပြီး ၁၂လက်မထူသည့် ကျောက်ကတ္တရာ လမ်းအမျိုးအစား ဖြစ်သည်။ ပြေးလမ်းမှာ ရေပြင်ညီမဟုတ်ဘဲ လက်ရှိ ပြေးလမ်းအနေအထားအတိုင်း အနိမ့်အမြင့်ဖြင့် တည်ဆောက်ထားသည်။ ပြေးလမ်းတိုသဖြင့် ထိုစဉ်က Fokker F-27 လေယာဉ်များသာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ပုံစံထုတ်

ယင်းလေယာဉ်ကွင်းကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက Y.8 လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်းပုံစံ ထုတ်လုပ်၍ တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပြေးလမ်းပုံစံသစ်အရ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀နှင့် ပြေးလမ်းခံနိုင်ရည်အား ၆၂တန်ရှိသည့် ပြေးလမ်းကို တည်ဆောက်ခဲ့သည်။

ယင်းသို့ တိုးချဲ့တည်ဆောက်ရာတွင် ၁၉၉၄-၁၉၉၅ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း၌ ၂၂-၂-၁၉၉၅ရက်မှစတင်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျိုင်းတုံဒေသအဖွဲ့နှင့် လေယာဉ်ကွင်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃)တို့က တာဝန်ယူတည်ဆောက်ခဲ့ရာ ပြေးလမ်းလက်ဝဲဘက်ခြမ်း အရှည်ပေ ၈၀၀၀၊ အကျယ် ၇၅ပေနှင့် ပြေးလမ်းလက်ယာဘက်ခြမ်း အရှည်ပေ၁၃၀၀၊ အကျယ်၇၅ပေအထိ ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီက လုပ်ငန်းကို ဆက်လက်တာဝန်ယူတည်ဆောက်ခဲ့ရာ ပြေးလမ်း၏ လက်ယာဘက်ခြမ်း အရှည်ပေ၁၅၀၀၊ အကျယ်၇၅ပေ တိုးချဲ့ပြီးစီးသဖြင့် ၃၁-၃-၂၀၀၅ ရက်အထိ ပြေးလမ်း၏ လက်ယာဘက်ခြမ်း တိုးချဲ့တည်ဆောက်မှုမှာ စုစုပေါင်း အရှည်ပေ၂၈၀၀နှင့် အကျယ်၇၅ပေ ပြီးစီးခဲ့သည်။

နိုင်ငံတော်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပေးမှု၏ အကျိုးကျေးဇူးကြောင့် ဂျက်လေယာဉ်များ၊ Y.8 ကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ပြီဖြစ်ရာ ကျိုင်းတုံမြို့နှင့် မြေပြန့်ဒေသရှိမြို့များအကြား သွားလာဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှာ ယခင်ကထက် ပိုမို လွယ်ကူလျင်မြန်လာစေမည်ဖြစ်။

ကျိုင်းတုံလေဆိပ်မှ Fokker F-28 ဂျက်လေယာဉ် ပျံတက်စဉ်။ (သတင်းစဉ်)

ဆောင်ရွက်ပြီးစီး

ဆက်လက်၍ လေယာဉ်ကွင်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)က ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် ပြေးလမ်းလက်ယာဘက်ခြမ်း အရှည်ပေ၅၂၀၀၊အကျယ်၇၅ပေကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆက်လက်တည်ဆောက်ခဲ့ရာ ၁-၅-၂၀၀၈ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် မူလ ရည်မှန်းထားခဲ့သည့် စုစုပေါင်းလေယာဉ်ပြေးလမ်း အရှည်ပေ ၈၀၀၀၊ အကျယ်ပေ၁၅၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ပြေးလမ်း တိုးချဲ့တည်ဆောက်ရာတွင် သတ်မှတ်ထားသောသိပ်သည်းမှု ရရှိပြီးသည့် မြေသားပေါ်တွင် ပထမအဆင့်အနေဖြင့် သိပ်သည်းပြီး ၁၀ လက်မခွဲ ထုရှိသည့် ကျောက်ရောမြေဒု-အခြေခံလွှာခင်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဒုတိယအဆင့်အနေဖြင့် သိပ်သည်းပြီး ခုနစ်လက်မခွဲ ထုရှိသည့် ခွဲကျောက် အခြေခံလွှာခင်းခြင်းကို ဆောင်ရွက်ပြီး စိမ့်ဝင် ကတ္တရာလောင်း၍ ယင်းအပေါ်မှ ကတ္တရာရေပိတ်လွှာ လောင်းခြင်းနည်းဖြင့် တည်ဆောက်ထားကြောင်းသိရသည်။

အဓိကလုပ်ငန်း

ထို့အပြင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းကြီးလေးခုဖြစ်သော လေယာဉ်ပြေးလမ်း Landing Strip ပေ ၅၀၀ ရရှိရန် မှတ်တိုင် ၅၇+၀၀ မှ ၉၆+၀၀ ကြားရှိတောင်ကုန်းများအား သတ်မှတ်ထားသော အစောင်းအတိုင်းဖြတ်၍ ယင်းလုပ်ငန်းမှ ထွက်ရှိလာသော မြေသားများကို Landing Strip ပေ၅၀၀ မပြည့်သေးသည့် ပြေးလမ်းအရှေ့ဘက်ထိပ် လက်ယာဘက်ခြမ်းသို့ သယ်ပို့ကြိတ်ခင်းခြင်း၊ အလျားပေ ၆၀၀၊ အနံပေ၁၆၀နှင့် ထု ၁၈လက်မရှိ ကွန်ကရစ်ခင်း လေယာဉ်ရပ်နားရန်နေရာတည်ဆောက်ပေးခြင်း၊လေယာဉ်ရပ်နားရန်နေရာအတွက် ရေနုတ်မြောင်းတည်ဆောက်ပေးခြင်းနှင့် လေယာဉ်ပြေးလမ်း ဆေးလိုင်းအမှတ်အသား (Runway Pavement Marking)ကို သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်းလုပ်ငန်းများ ယခုနှစ် မတ်၂၀ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အသုံးပြု

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေတူးတင်စက်၊ မြေညှိစက်၊ မြေသိပ်သည်းစက်၊ မြေထိုးစက်၊ မြေကော်တင်စက်၊ ကျောက်ခွဲစက်၊ ကွန်ကရစ်ဖျော်စက်၊ လမ်းကြိတ်စက် စသည့် စက်ယန္တရားပေါင်း ၂၁စီးကို အသုံးပြုဆောင်ရွက်ခဲ့ကြောင်း ဦးသန်းထူးအောင်က ဖြည့်စွက်ပြောကြားသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျိုင်းတုံဒေသတွင် စီမံကိန်းကြီး ပြီးစီးအောင်မြင်ရေးအတွက် လိုအပ်သော စက်ယန္တရားများ၊ တည်ဆောက်ရေးပစ္စည်းများကို နိုင်ငံတော်က အခက်အခဲအမျိုးမျိုးကြားမှ မရောက် ရောက်အောင် ကြိုးပမ်းစီမံဆောင်ရွက်ပေးခဲ့သည့်အတွက် သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆင်ပြေချောမွေ့

လေယာဉ်များ ဆင်းသက်မှုနှင့် ပတ်သက်၍ ကျိုင်းတုံ လေဆိပ်တာဝန်ခံ ဦးလှစိုးက "အရင်က ပြေးလမ်းတိုတော့ ပန်ကာတပ် Fokker F-27 လေယာဉ်တွေပဲ ဆင်းနိုင်တယ်။ အခု ပြေးလမ်းရှည်လာပြီဖြစ်လို့ Fokker F-28 ဂျက်လေယာဉ် ဆင်းလို့ရလာပါပြီ။ F-27 က ကျိုင်းတုံ-ရန်ကုန်ခရီးစဉ်ကို တစ်နာရီ ၄၅မိနစ်ခန့် မောင်းရပါတယ်။ F-28 ကတော့ တစ်နာရီလောက်နဲ့ ရောက်ပါတယ်။ ခရီးသည်တင်ဆောင်နိုင်မှုမှာလဲ F-27 က ၄၄ ယောက်ပဲ တင်လို့ရပြီး F-28 ကတော့ ၈၄ ယောက် တင်ဆောင်နိုင်ပါတယ်။ ဒါ့ကြောင့် ပျံသန်းချိန်လဲလျှော့ချနိုင်၊ ခရီးသည်လည်း ပိုမိုတင်ဆောင်နိုင်တဲ့ F-28နဲ့ ခရီးသွားရတဲ့အတွက် ဒေသခံပြည်သူတွေအဖို့ ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့စွာသွားလာနိုင်ပါပြီ"ဟု ပြောကြားသည်။

ဆင်းသက်နိုင်

ထို့အပြင် F-28 လေယာဉ်က ရာသီဥတုဆိုးရွားသော်လည်း ထိုးဖောက် ဆင်းသက်နိုင်ခြင်း၊ အချိန်မှန်၊ ခရီးစဉ်အတိုင်း ပိုမိုပျံသန်းနိုင်ခြင်းတို့ကြောင့် လေယာဉ်ဆိုက်ရောက်ချိန်၊ ပျံတက်ချိန်တို့ကို ယခင်ကကဲ့သို့ ကြာရှည်စွာ စောင့်ဆိုင်းမနေရတော့ပေ။

လေယာဉ်ပြေးလမ်း Landing Strip ပေ၅၀၀ မပြည့်သည့်ပြေးလမ်းလက်ယာဘက်အခြမ်းရှိ တောင်ကုန်းများအား သတ်မှတ်ထားသော အစောင်းအတိုင်း တူးဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

အချိန်တို

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်တည်ရှိသည့်အားလျော်စွာ တောင်ကုန်း၊ တောင်တန်းထူထပ်ပေါများမှုကြောင့် ကုန်းလမ်းခရီးသွားလာရာ၌ အချိန်ကြန့်ကြာမှုများဖြစ်ပေါ်နေရသည်။ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သွားလာရာ၌ပင် အနည်းဆုံး တစ်ညအိပ် နှစ်ရက်ခရီးသွားရသည်။ မြေပြန့်ဒေသရှိ မြို့များသို့ သွားလာမည်ဆိုပါက ထို့ထက်ပို၍ ကြန့်ကြာမည်မှာ မလွဲပေ။ ထို့ကြောင့် အခြားပြည်နယ်နှင့်တိုင်းများရှိ မြို့များ၊ အထူးသဖြင့် မြေပြန့်ဒေသရှိ မြို့များသို့ သွားလာလိုပါက အချိန်တိုအတွင်း ရောက်ရှိနိုင်သော လေယာဉ်ခရီးစဉ်ကိုသာ အားပြုရစမြဲပင်။

ပိုမိုလွယ်ကူ

ယခုအခါ **နိုင်ငံတော်ကလေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ပေးမှု၏ အကျိုးကျေးဇူးကြောင့် ဂျက်လေယာဉ်များ၊ Y.8 ကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ပြီ ဖြစ်သည်။ သို့ဖြစ်ရာ ကျိုင်းတုံမြို့နှင့် မြေပြန့်ဒေသရှိ မြို့များအကြား သွားလာဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှာ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်လာစေမည် ဖြစ်**ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

20-4 (09).pmd 1 4/20/2009, 3:05 AM

လာချင်ရင် အနီးကလေး

စောလှအောင်

(ယမန်နေ့မှအဆက်)

၁၉၇၀နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ထိုစဉ်က ခေတ်စနစ်အရ ကြီးထွားလာသော မှောင်ခိုလုပ်ငန်းမှ ဝင်ငွေလမ်းဖြောင့်လာသော ကေအင်န်ယူတို့သည် ဗကပတို့၏ ကြီးထွားလာသော အန္တရာယ်ကို ဦးစားပေး ဖြေရှင်းနေရသည့် မြန်မာ့တပ်မတော်၏ အနေအထားကို အခွင့်ကောင်းယူကာ အင်အားတိုးချဲ့ တည်ဆောက်လာနိုင်ခဲ့သည်။ ၁၉၈၈ခုနှစ် အရေးအခင်းကာလ၌ မဲသဝါဒေသကိုပင် ထိုးစစ်ကြီးဆင်နွှဲကာ တပ်မတော်စခန်းအချို့ကို သိမ်းပိုက်လာနိုင်ခဲ့သဖြင့် တပ်မတော်က ရက်ပေါင်း ၈၀ ကျော် ကြာမြင့်သည့် စစ်ဆင်ရေးကြီးတစ်ရပ်ဖြင့် မဲသဝါဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။ ထိုမှနောက်ပိုင်းတွင် တပ်မတော်က ဆက်တိုက်ထိုးစစ်များ ဆင်နွှဲကာ ကေအင်န်ယူ နယ်စပ်ဒေသစခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ရာ ကေအင်န်ယူတို့ စတင်ဦးကျိုးလာသည့်ကာလ ဖြစ်လေသည်။ ထိုကာလ၌ပင် အင်အားအကြီးဆုံး တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ဖြစ်သော ဗကပ စတင်ပြိုကွဲခဲ့သည်။ ၁၉၈၉ခုနှစ် မတ်လမှစ၍ ဗကပ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းရှိ တိုင်းရင်းသားအဖွဲ့များက ဗကပများကို တော်လှန်လာခဲ့ကြပြီး တပ်မတော်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းကာ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။ အင်အားကြီးမားသော ဗကပ၏ပြိုကွဲမှုသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံသို့ ဆင့်ကဲအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၉ခုနှစ်မှ ၁၉၉၅ခုနှစ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၄)ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ရောက်ရှိလာခဲ့တော့သည်။

ထိုသို့ ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့အစည်းများတွင် ပါမလာဘဲ တင်းခံနေခဲ့သည်မှာ ကေအင်န်ယူပင် ဖြစ်သည်။ တပ်မတော်အစိုးရက ကေအင်န်ယူအဖွဲ့ကို ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် ၁၉၉၂ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် ကရင်ပြည်နယ် စစ်ဆင်ရေးကိုရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ သို့သော် တပ်မတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်လိုသောဆန္ဒနှင့် ငြိမ်းချမ်းရေးရရှိစေလိုသော စေတနာတို့ကို အစိုးရ၏ အားနည်းချက်ကြောင့် အလျှော့ပေးလာခြင်းဟု လွဲမှားစွာသုံးသပ်ကာ ကေအင်န်ယူ ခေါင်းဆောင်ပိုင်းက ငြိမ်းချမ်းရေးသပြေခက်ကို ပယ်ချခဲ့သည်။ တပ်မတော်က ထိုးစစ်ရပ်ထားချိန်တွင် ကေအင်န်ယူဘက်က အကြိမ် ၁၀၀ခန့် လာရောက်တိုက်ခိုက်ခဲ့သည်။ တပ်မတော်က မိမိကိုယ်ကိုခုခံကာကွယ်ရုံမျှသာ ပြန်လည်တိုက်ခိုက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးတက်မှုရရှိစေရန် ဆက်လက်ကြိုးစားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပန်းသတင်းကိုလေညင်းဆောင်သည်။တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ယုံကြည်မှုနှင့်စေတနာကို အရင်းခံသည်။ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးရေးကို တစ်သားတည်းတွဲစပ်၍ လုပ်ဆောင်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်၍ တိုင်းရင်းသားညီနောင်ဖွားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ယခင်က စစ်မြေပြင်ဖြစ်ခဲ့သော နေရာများ၊ ယမ်းငွေ့ဝေသော နေရာများတွင် ဆည်မြောင်းတာတမံများ၊ စိုက်ခင်း၊ လယ်ကွင်းများ ပေါ်လာကြသည်။ တဲအိမ်ရွာစုများမှ တိုက်တာမြို့ပြ ဖြစ်လာကြသည်။ လမ်းများ၊ တံတားများ ဥဒဟိုယှက်သွယ် ပေါ်ပေါက်လာသည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်းဆက်သွယ်ရေး စသည်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အင်္ဂါရပ်များ ပြည့်စုံစွာရောက်ရှိလာသည်။ ဤသတင်းများမှာ ငြိမ်းချမ်းရေးမရရှိသေးသော မဖွံ့ဖြိုးသေးသည့်ဒေသများသို့တိုင် တစ်ဆင့်စကားဖြင့် ရောက်ရှိလာတော့သည်။

နှစ်ပေါင်းများစွာ အေးချမ်းစွာမနေရ၊ မစားရသော ကရင်ပြည်နယ်မှ ပြည်သူများ၊ မပြီးဆုံးနိုင်သော ကရင်တော်လှန်ရေးကြီးတွင် နှစ်လများစွာ အသက်ဘေးရင်ဆိုင်ကာ ဘဝကို မျှော်လင့်ချက်ကင်းမဲ့စွာ ဖြတ်သန်းနေရသည့် အောက်ခြေ ကေအင်န်ယူတပ်ဖွဲ့ဝင်များထံသို့လည်း ငြိမ်းချမ်းရေးရယူသည့်ဒေသများမှ တိုးတက်ဖွံ့ဖြိုးအေးချမ်းမှုသတင်းများက ရောက်ရှိခဲ့သည်။ သူတို့အားလုံးက ငြိမ်းချမ်းမှုကို လိုချင်နေကြပြီ ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးကို မလိုလားသူ၊ ငြိမ်းချမ်းရေး မဖြစ်မြောက်စေလိုသူ အင်အားစုများက ကေအင်န်ယူ ခေါင်းဆောင်ပိုင်းတွင် ခိုင်ခိုင်မာမာ ရှိနေသည်။ ထို့အတူ ငြိမ်းချမ်းရေးရယူပြီး ကေအင်န်ယူအဖွဲ့ နယ်စပ်ဒေသမှ ကွယ်ပျောက်သွားလျှင် စားကွက်ပျောက်၊ မီတွယ်ရာပျောက်မည်ကို စိုးရိမ်နေသည့် နောက်မီးဆွဲ ကပ်ပါးအုပ်စုများ၊ ကေအင်န်ယူအဖွဲ့ကို ခုတုံးလုပ်အသုံးချကာ မြန်မာ့နိုင်ငံရေးကို မတည်ငြိမ်အောင် မွှေနှောက်လိုသည့် ပယောဂများကလည်း ငြိမ်းချမ်းရေးလမ်းစဉ်ကို မပျက် ပျက်အောင် ဟန့်တားနှောင့်ယှက်ရန် အသင့်ရှိနေကြသည်။

ထို့ကြောင့် **ကေအင်န်ယူတစ်ဖွဲ့လုံးနှင့် ငြိမ်းချမ်းရေးရယူရေး ကြိုးပမ်းမှုများမှာ အကြောင်းပြချက်အမျိုးမျိုး၊ အငေ့အဝိုက်အမျိုးမျိုးဖြင့် ခရီးရှည်နေခဲ့ကာ ထစ်ငေါ့ ကြန့်ကြာနေခဲ့ရခြင်း ဖြစ်လေသည်။ သို့ရာတွင် စစ်၏ အနိဋ္ဌာရုံများကို စိတ်ကုန်နေပြီဖြစ်သော ကေအင်န်ယူ တပ်မိုလ်၊ တပ်သားများနှင့် ခေါင်းဆောင်များကမူ ငြိမ်းချမ်းရေးကို မရအရယူရန် ခိုင်ခိုင်မာမာ စိတ်ပိုင်းဖြတ်ကာ ကြိုးပမ်းလာခဲ့ကြသည်။**

၁၉၉၄ခုနှစ် နှစ်ကုန်ပိုင်းတွင် ကေအင်န်ယူထိပ်ပိုင်းခေါင်းဆောင်တို့၏ ခွဲခြားဖိနှိပ်မှုများနှင့် ငြိမ်းချမ်းရေးလမ်းကြောင်း ပိတ်ဆို့မှုများကို မခံမရပ်နိုင်တော့သော ကေအင်န်ယူတပ်ဖွဲ့များနှင့် ကရင်တိုင်းရင်းသားများက တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားများအစည်းအရုံး(DKBO)ကို ဖွဲ့စည်းကာ တပ်မတော်နှင့်လက်တွဲ၍ ပြန်လည်တိုက်ခိုက်ခဲ့တော့သည်။ တပ်မတော်နှင့် DKBO တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ကေအင်န်ယူတို့၏ ဗဟိုဌာနချုပ် အပါအဝင် နယ်စပ်စခန်းများအားလုံးလိုလို ကျဆုံးကုန်သည်။

DKBO အဖွဲ့သည် မြိုင်ကြီးငူတွင် အခြေပြုကာ ဒေသခံကရင် တိုင်းရင်းသားတို့၏ တိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံတော်နှင့် လက်တွဲလုပ်ဆောင်ရာမှ အရှိန်အဟုန် ရလာခဲ့သည်။DKBO အဖွဲ့၏ နမူနာကိုရယူ၍ အခြားနယ်မြေများမှ ကေအင်န်ယူတပ်ဖွဲ့များသည်လည်း မိမိတို့အစီအစဉ်ဖြင့် ငြိမ်းချမ်းရေးရယူလာခဲ့ကြရာ ကေအင်န်ယူတပ်မဟာ(၆)မှ ဦးစောသမူဟဲအဖွဲ့၊ သံတောင်ဒေသအဖွဲ့၊ ကေအင်န်ယူဗဟိုမှ ဖဒိုအောင်ဆန်းနှင့်အဖွဲ့၊ တပ်မဟာ(၂)အထူးဒေသအဖွဲ့နှင့် ဗိုလ်ချုပ်ဌေးမောင် ဦးစီးသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့ အသီးသီးဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ငြိမ်းချမ်းရေးရယူခဲ့ကြသောအဖွဲ့များ လျှောက်လှမ်းခဲ့ရသော လမ်းခရီးမှာ ဖြောင့်ဖြူးလှသည် မဟုတ်ချေ။ ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီးလုပ်ချင်သော အဖျက်အင်အားစုများ၏ အန္တရာယ်များအကြားမှ အသက်၊ သွေးများနှင့်ရင်းကာ ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ကြရခြင်း ဖြစ်သည်။

ယခုထပ်မံရောက်ရှိလာသည့် ကေအင်န်ယူ အထူးတပ်ရင်း(၂၀၂)မှ ဗိုလ်ကြီး စောနေစိုးမြနှင့် အဖွဲ့မှာလည်း ဖခင်ဖြစ်သူ ဗိုလ်ချုပ်စောဘိုမြ မှာကြားခဲ့သည့် ငြိမ်းချမ်းရေးတာဝန်ကို သားဖြစ်သူက လက်ဆင့်ကမ်းခံယူကာ ဖော်ဆောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ဗိုလ်ကြီး စောနေစိုးမြတို့၏ နောက်တွင် အလားတူ ငြိမ်းချမ်းရေးနယ်မြေသို့ ထပ်မံရောက်ရှိလာဦးမည့် ကေအင်န်ယူ အင်အားစုများမှာလည်း အများအပြားရှိနေပေဦးမည်။

ကေအင်န်ယူ ဗဟိုခေါင်းဆောင်ပိုင်းအတွင်း၌ပင် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာအမှန်ကို သိမြင်လာသည့် ခေါင်းဆောင်ပိုင်းနှင့် ကရင်လူထု အကျိုးစီးပွားထက် မိမိကိုယ်ကျိုးကိုသာ အဓိကထားသော ခေါင်းဆောင်ပိုင်းတို့အကြား ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နိုင်ငံတော်နှင့် လက်တွဲ၍ ငြိမ်းချမ်းရေးရယူလိုသည့် ခေါင်းဆောင်များမှာ စစ်မြေပြင်မှတက်လာကြသည့် တိုက်ခိုက်ရေးသမား စစ်သားကြီးများ ဖြစ်ကြသည်။ ကျေးလက်ဒေသ၌ ပေါက်ဖွားလာကြသည့် ရိုးဖြောင့်သော တိုင်းရင်းသားများလည်းဖြစ်၊ စစ်သားများလည်း ဖြစ်သောကြောင့် ပရိယာယ်ဝေ့ဝစ် နည်းပါးသည်။ ချစ်လုံးလုံး၊ မုန်းလျားလျားဟူသော စိတ်ရှိသည်။ လုပ်စရာရှိလျှင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ပြတ်ပြတ်သားသား။ ပြောစရာရှိလျှင်လည်း အူလှိုက်အသည်းလှိုက် ပွင့်ပွင့်လင်းလင်း၊ ဟောဟောဒိုင်းဒိုင်း လုပ်တတ်၊ ပြောတတ်သူများ ဖြစ်သည်။ သူတို့က KNLA ဟုခေါ်သည့် တပ်အပိုင်းမှ တက်လာသူများ ဖြစ်သည်။ KNU ဟုခေါ်သည့် နိုင်ငံရေးအပိုင်းမှ တက်လာသူများကမူ ထိုသို့မဟုတ် မြို့သားပညာတတ်များ ဖြစ်သည်။ မြေပေါ်နိုင်ငံရေးလုပ်ရာမှ အကြောင်းမဟန်သဖြင့် မြေလျှိုးကာ တောခိုလာကြသူများဖြစ်သည်။ တောထဲ၌ ပညာတတ်ရှားပါးသဖြင့် ဦးနှောက်သုံးကာ စီမံခန့်ခွဲရသော ရုံးထိုင်နေရာများကို ထိုသူတို့က ကြီးစိုးထားသည်။ နိုင်ငံရေးသမားများပီပီ စကားကြီး၊

စာမျက်နှာ ၁၁ ကော်လံ ၁

စင်စစ်၌ လက်နက်ကိုင် တိုက်ခိုက်ရေးလမ်းစဉ်မှ ငြိမ်းချမ်းရေးလမ်းစဉ်သို့ ပြောင်းလဲဖော်ဆောင်ရေးမှာ “လာချင်ရင် အနီးကလေး” ဆိုသကဲ့သို့ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်သည့် ဆန္ဒသာရှိခဲ့လျှင် အလွန်နီးလှသော ခရီးပင်ဖြစ်ပါသည်။ ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ တောတွင်းစုရပ်တစ်နေရာမှ ထိုကော့ကိုး ငြိမ်းချမ်းရေးနယ်မြေသို့ လာရောက်ခဲ့ရာတွင် နေ့တစ်ဝက်ခရီး (ရှစ်နာရီခန့်)သာ ကြာမြင့်ခဲ့သည်။ သို့သော် “မလာချင်ရင် ခရီးဝေး” ဆိုသကဲ့သို့ ငြိမ်းချမ်းရေးမလိုလားသူများ၏ ဖျက်ဆီးဟန့်တားမှုကြောင့် နှစ်ပေါင်း ၆၀ကျော် လက်နက်ကိုင် တိုက်ခိုက်နေခဲ့သည့် ကေအင်န်ယူအဖွဲ့မှာ အပြီးသတ်ငြိမ်းချမ်းရေး မရနိုင်သေးခြင်း ဖြစ်ပါသည်။

20-4 (10).pmd 1 4/20/2009, 3:05 AM

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၉

၂၀၀၉ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ၁၄ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ် အားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၉ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင် ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရေဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဟံစိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ တိုင်းမှူးနှင့် မြို့တော်ဝန် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နံနက်၇နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြို့တော်ဝန်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူ၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၂) အကွက်အမှတ်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီ၏ ရှင်းလင်းဆောင်ရွက်ဖွယ် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းများအရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် နွေစပါး စံပြစိုက်ခင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းခွင်များအတွင်း ပင်မမြောင်း တူးဖော်ထားရှိမှု၊ ကုန်ထုတ်လမ်း၊ လက်တံမြောင်းနှင့် ရေပေးမြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ငမိုးရိပ်ရေထိန်းတံခါး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်အတွင်းရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်မည့်နေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ မလစ်အနောက်ကျေးရွာအုပ်စု တောင်တမန်ရိုးကွင်း တောင်သူဦးအောင်မင်း၏ နွေစပါး စံပြစိုက်ကွင်းအတွင်း ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေး၍ **(ဝဲအပေါ်ပုံ)** ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး အထယုကွင်းအတွင်း ငါးမွေးမြူရေးကန်များ တူးဖော်ဆောင်ရွက်သည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ငမိုးရိပ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေသောက်စနစ်ကို ကြည့်ရှုစစ်ဆေးကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ငမိုးရိပ် ရေလှောင်တမံ မြို့တော်ရေပေးဝေရေး ရေထိန်းမျှော်စင်မှ ရေလွှတ်တူးမြောင်း တူးဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

စာမျက်နှာ ၁၀ ဆောင်းပါးအဆက်

စကားကျယ်များ ကောင်းစွာပြောတတ်သည်။ ရှေ့တွင်တစ်မျိုး၊ နောက်ကွယ်တစ်မျိုး လုပ်တတ်သည်။ အဆင်း၌ဘီးတပ်ခြင်း၊ နောက်ကျောမှ ဓားနှင့်ထိုးခြင်း၊ မသင့်မြတ်သူအား အုပ်စုဖွဲ့၍ ကန့်ထုတ်ခြင်းစသည့် နိုင်ငံရေးသမားတို့၏ နည်းပရိယာယ် အဋ္ဌာရသဆယ့်ရှစ်ရပ်ကိုလည်း ကောင်းစွာတတ်ကျွမ်းသည်။ အခွင့်ကောင်းများကို လက်မလွှတ်တမ်း ရယူခံစားသူများပီပီ ''ကရင်တော်လှန်ရေး''၏ အသီးအပွင့်များကို အများဆုံး စားသုံးနေကြရသူများ ဖြစ်သည်။ မျောက်ပြဆန်တောင်းစားသော ပြည်ပအထောက်အပံ့များဖြင့် မဲဆောက်ဘက်ကမ်းတွင် ကားတဝီဝီ၊ တိုက်ကြီးဟီးလျက် နေနိုင်သူများ။ ထို့ထက်လွန်၍ အမေရိကန်၊ ဩစတြေးလျ၊ နော်ဝေစသော နိုင်ငံခြားတိုင်းပြည်များ၌ပါ သားသမီးများကို စေလွှတ်ပို့ဆောင်ထားကာ နေထိုင်ကြသူများဖြစ်သည်။ ထို့ကြောင့် သူတို့က ကရင်တော်လှန်ရေးကို မည်သည့်အခါမျှ မပြီးဆုံးစေလို၊ လက်တွေ့စစ်မြေပြင်၌ အသက်စွန့်ကာ စစ်တိုက်ခဲ့ရ၊ မိုးထဲရေထဲ၌ ချောင်းကြိုမြောင်းကြား၌ မှက်၊ ခြင်တို့ အကိုက်ခံကာ ပုန်းရရှောင်ရ၊ ရိက္ခာပြတ်၍ ငတ်ငတ်မွတ်မွတ် နေခဲ့ကြရသော ကြမ်းတမ်းလှသည့်စစ်သားဘဝကို ဖြတ်သန်းလာခဲ့ရသည့် စစ်ခေါင်းဆောင်များကား ပင်ပန်းဆင်းရဲခံကာ သူတို့ဆင်နွှဲခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးမှာ သူတို့လိုလားသော ကရင်လူထုကောင်းစားရေးကို မည်သို့မျှ မဖော်ဆောင်နိုင်ကြောင်း ဘဝနှင့်ရင်း၍ သဘောပေါက်လာခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်က ၁၉၉၂ခုနှစ်မှစ၍ ကမ်းလှမ်းလာခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်နှင့်ပတ်သက်၍ ကေအင်န်ယူခေါင်းဆောင်ပိုင်းမှာ သဘောထားနှစ်မျိုး ကွဲနေခဲ့သည်။ စစ်ခေါင်းဆောင်ပိုင်းက အစိုးရ၏ ကမ်းလှမ်းချက်ကို လေ့လာကြည့်ပြီး ယုံကြည်ရလျှင် ငြိမ်းချမ်းရေး လုပ်ဆောင်လိုသည်။ နိုင်ငံရေးသမားများကမူ လူကြားကောင်းရုံ အသံကောင်းဟစ်ပြီး ငြိမ်းချမ်းရေးဖြစ်မလာအောင် လမ်းလွှဲအချိန်ဆွဲထားရန် ကြံစည်ထားပြီးဖြစ်သည်။

၁၉၉၃ခုနှစ်မှစ၍ ကေအင်န်ယူနှင့် နိုင်ငံတော်အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရာ အလွတ်သဘောတွေ့ဆုံမှု ၁၀ကြိမ်၊ တရားဝင်ဆွေးနွေးမှု ခြောက်ကြိမ်ရှိခဲ့သည်။ ထိုစဉ်က ကေအင်န်ယူဥက္ကဋ္ဌကြီး ဖထီးစောဘိုမြ ကိုယ်တိုင် ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်သို့ လာရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးခဲ့သည့် ခရီးစဉ်အတွင်း တပ်မတော်အစိုးရ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်သွားခဲ့သည်။ နိုင်ငံတော်နှင့်လက်တွဲ၍ ငြိမ်းချမ်းရေးရယူရန်လည်း ယုံကြည်စိတ်ချစွာ သဘောတူခဲ့သည်။ သို့သော် ဖထီးကြီးမှာ အသက်အရွယ်အိုမင်းလှပြီ၊ သူမျက်စိမမှိတ်မီ ကရင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းသည်ကို တွေ့မြင်သွားလိုသော်လည်း ''ကြောင်အိုတော့ ကြွက်မလေး''ဆိုသည့်အတိုင်း နိုင်ငံရေးသမားနောက်ပေါက် ခေါင်းဆောင်များကို ဩဇာမလွှမ်းနိုင်တော့ပြီ။ ကျန်းမာရေးအခြေအနေမှာလည်း ဇရာကြောင့် ယိုယွင်းလာသည့်အလျောက် ကျန်းမာရေးအကြောင်းပြချက်ဖြင့် စောဘိုမြကို ဥက္ကဋ္ဌနေရာမှဖယ်ရှားကာ အဆင့်လျှော့ချလိုက်သည်။

ဖထီးစောဘိုမြကား မကျန်းမာသည့်အကြားမှ ငြိမ်းချမ်းရေးအတွက် တတ်နိုင်သမျှ အားခဲလုပ်ဆောင်သွားခဲ့သည်။ သူကိုယ်တိုင် ပြီးဆုံးအောင် မဆောင်ရွက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကေအင်န်ယူအဖွဲ့တစ်ခုလုံးကို ဦးဆောင်တာဝန်ခံ ဆောင်ရွက်နိုင်ရန် ယုံကြည်စိတ်ချရသူ ဗိုလ်ချုပ်ဌေးမောင်(ထိန်မောင်)ကို လွှဲအပ်ခဲ့သည်။ ငြိမ်းချမ်းရေးကို အမှန်တကယ်ကိုယ်တိုင်က ယုံကြည်မှုထက်သန်သည့် ဗိုလ်ချုပ်ဌေးမောင်ကလည်း ဖထီးစောဘိုမြ ယုံကြည်လွှဲအပ်သွားသည့်အတိုင်း ကေအင်န်ယူအဖွဲ့တစ်ခုလုံးကို ကိုယ်စားပြုကာ နိုင်ငံတော်နှင့်ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး အဖျက်ပယောဂအမျိုးမျိုးကြောင့် ကေအင်န်ယူတစ်ဖွဲ့လုံးကို ငြိမ်းချမ်းရေးရယူရန် ချက်ချင်းမလုပ်ဆောင်နိုင်ကြောင်း သိမြင်လာသည့်အတွက် ရနိုင်သမျှ အင်အားစုများကိုခေါ်ဆောင်ကာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ၁၁ရက်နေ့တွင် ထို့ကော်ကိုး၌ ငြိမ်းချမ်းရေးအောင်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ထိုစဉ်က တပ်ဖွဲ့ဝင်အင်အား ၃၀၉ဦးနှင့် မိသားစုဝင် ၁၁ဦး စုစုပေါင်းအင်အား ၃၂၀သာ ပါရှိခဲ့သော်လည်း ''ပန်းပွင့်ရှိရာ ပျားကောင်လာသည်'' (ဖောအိုအလော်၊ ကနဲဟဲလော်)ဟူသော ကရင်စကားလုံးအတိုင်း ငြိမ်းချမ်းရေးပန်းပွင့်များမှ အေးချမ်းမှုပန်းဝတ်ရည်များကို ရယူသုံးဆောင်လိုသည့် နယ်စပ်ဒေသမှ ကေအင်န်ယူတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထပ်မံလိုက်ပါရောက်ရှိလာခဲ့သဖြင့် တပ်ဖွဲ့ဝင် ၆၁၅ဦး၊ မိသားစုဝင် ၁၀၉၃ဦး စုစုပေါင်း ၁၇၀၈ဦး၊ လက်နက်၂၁၈လက်တို့နှင့် အတူ ကော့ကရိတ်ခရိုင် နဘူးမြို့နယ်ရှိ ထို့ကော်ကိုးဒေသတွင် အခြေပြုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ယခုထပ်မံရောက်ရှိလာသည့် ကေအင်န်ယူအထူးတပ်ရင်း(၂၀၂)မှ ဗိုလ်ကြီးစောနေစိုးမြနှင့် အဖွဲ့မှာလည်း ဖခင်ဖြစ်သူ ဗိုလ်ချုပ်စောဘိုမြ မှာကြားခဲ့သည့် ငြိမ်းချမ်းရေးတာဝန်ကို သားဖြစ်သူက လက်ဆင့်ကမ်းခံယူကာ ဖော်ဆောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ဗိုလ်ကြီးစောနေစိုးမြတို့၏ နောက်တွင် အလားတူငြိမ်းချမ်းရေးနယ်မြေသို့ ထပ်မံရောက်ရှိလာဦးမည့် ကေအင်န်ယူ အင်အားစုများမှာလည်း အများအပြားရှိနေပေဦးမည်။

စင်စစ်၌ လက်နက်ကိုင်တိုက်ခိုက်ရေးလမ်းစဉ်မှ ငြိမ်းချမ်းရေးလမ်းစဉ်သို့ ပြောင်းလဲဖော်ဆောင်ရေးမှာ ''လာချင်ရင် အနီးကလေး'' ဆိုသကဲ့သို့ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်သည့် ဆန္ဒသာရှိခဲ့လျှင် အလွန်နီးလှသော ခရီးပင်ဖြစ်ပါသည်။ ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ တောတွင်းစုရပ်တစ်နေရာမှ ထို့ကော်ကိုး ငြိမ်းချမ်းရေးနယ်မြေသို့လာရောက်ခဲ့ရာတွင် နေ့တစ်ဝက်ခရီး(ရှစ်နာရီခန့်)သာကြာမြင့်ခဲ့သည်။ သို့သော် ''မလာချင်ရင် ခရီးဝေး''ဆိုသကဲ့သို့ ငြိမ်းချမ်းရေးမလိုလားသူများ၏ ဖျက်ဆီးဟန့်တားမှုကြောင့် နှစ်ပေါင်း၆၀ကျော် လက်နက်ကိုင်တိုက်ခိုက်နေခဲ့သည့် ကေအင်န်ယူအဖွဲ့မှာ အပြီးသတ်ငြိမ်းချမ်းရေး မရနိုင်သေးခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ **ကေအင်န်ယူအောက်ခြေတပ်ဖွဲ့ဝင်များ၊ တပ်မိုလ်တပ်သားများအနေဖြင့် လူသတင်းလူချင်းဆောင်ကာ ငြိမ်းချမ်းရေးကောင်းသတင်းများကြောင့် ဆင်သေကောင်ပုပ်သဖွယ် ဖြစ်နေသော လက်ကျန်ကေအင်န်ယူအဖွဲ့ကို တဖွဲဖွဲ စွန့်ခွာလာကြပြီးဖြစ်ရာ ကရင်ပြည်နယ်တစ်ခုလုံးတွင် သံသယမြူတိမ်နှင့် အာဃာတမုန်တိုင်းတို့ကင်းစင်ကာ ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းမွှေးကြူနိုင်တော့မည့် အချိန်ကာလမှာ မဝေးတော့ပြီဖြစ်ကြောင်း မျှော်လင့်မှန်းဆရပါတော့သည်။** ။

ကချင်ပြည်နယ် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ကချင်ပြည်နယ် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ၁ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းအင်အား ၁၂၀၀တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်နယ်မူးယစ်ဆေးစွဲရောဂါကုဆေးရုံသို့ သွားရောက်ခဲ့ပြီး ဆေးရုံရှိ ဆေးကုသဆောင်များ ကြံ့ခိုင်ကောင်းမွန်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြသ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် တာဝန်ရှိသူများက ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ပြင်၌ မုန်တိုင်းများဖြစ်ပေါ်ပါက ၂၄နာရီ အချိန်ပြည့် ပြည်တွင်း၊ ပြည်ပမှ သတင်းအချက်အလက်များကိုရယူ၍ မုန်တိုင်းအခြေအနေ တိုင်းထွာချက်များကို အချိန်နှင့်တစ်ပြေးညီ မုန်တိုင်းသတင်းထုတ်ပြန်နိုင်မှု အခြေအနေများ၊ ကွန်ပျူတာဆော့ဖ်ဝဲအသုံးပြု၍ မုန်တိုင်းကျရောက်မည့်ဒေသများ၌ မုန်တိုင်းဒီရေတက်ရောက်နိုင်မှုကို ခန့်မှန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ နေ့စဉ် မိုးလေဝသ သတင်းထုတ်ပြန်မှုအခြေအနေများ၊ မြေငလျင်လှုပ်ရှားမှုဆိုင်ရာ သတင်းအချက်အလက်များ လက်ခံရရှိမှုအခြေအနေများနှင့် မြန်မာနိုင်ငံမြစ်ကြီးများ၏ နေ့စဉ် မြစ်ရေအခြေအနေ တိုင်းထွာရရှိချက်များနှင့် မြစ်ရေကြီးနိုင်မှု ခန့်မှန်းချက်အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် သမစာရီဓမ္မာရုံက ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် ဇီဝိတဒါနငါးလွှတ်ပွဲကို နှစ်ဆန်းတစ်ရက်နေ့က ကန်တော်ကြီးရေချိုငါးဥယျာဉ်တွင် ပြည်သူအများ စုပေါင်း၍ ငါးလွှတ်ကြစဉ်။ (မြန်မာ့အလင်း)

အဲဗာတန်တို့ ပယ်နယ်တီဖြင့် အက်ဖ်အေဖလားဗိုလ်လုပွဲတက်ရောက် မန်ယူတို့ အက်ဖ်အေဖလား လက်လွှတ်ခဲ့ရပြီ

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည် ➡ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၁၉

အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မန်ယူနှင့် အဲဗာတန်တို့ လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ဧပြီ၁၉ရက်က ယှဉ်ပြိုင်ကစားရာ အဲဗာတန်တို့ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

ပါဝင်ကစား

နာမည်ကြီး မန်ယူအသင်းသည် လူငယ်ကစားသမား အများအပြားကို ပွဲထုတ်ခဲ့သည်။ တိုက်စစ်တွင် တီဗက်ဇ်၊ ဝဲလ်ဘတ်နှင့် မာကေးဒါတို့ကို ထုတ်သုံးခဲ့ပြီး အလယ်တန်း၌ အန်ဒါဆန်၊ ပက်ဂျီဆန်တို့ထားကာ နောက်တန်းခံစစ်တွင် ဗီဒစ်၊ ဖာဒီနန်၊ ဖာဘီရိုနှင့် ရာဖေးလ် စသည့် ကစားသမားများ ပါဝင်ကစားခဲ့သည်။

အဲဗာတန်အသင်းတွင် တိုက်စစ်၌ ဆာဟာနှင့် တင်ကာဟေးလ်တို့ ပါဝင်ကစားခဲ့ရာ မန်ယူနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲချိန်နှစ်မိနစ်၌ မန်ယူတိုက်စစ်မှူး မာကေးဒါရင်ဘတ်ဖြင့် တစ်ချက်ထိန်းပြီး အဲဗာတန် ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းခဲ့ရာ ဂိုးဘေးကပ်ထွက်သွားသဖြင့် မန်ယူတို့ နစ်နာခဲ့ရသည်။

ဟန်ချက်ပျက်

ထို့အတူ ပွဲချိန် ၁၂မိနစ်၌ ဝဲလ်ဘတ်နှင့် မာကေးဒါတို့ အပေးအယူလုပ်ပြီး ဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို တီဗက်ဇ် အပိုင်ကန်သွင်းရာ ဟန်ချက်ပျက်နေသဖြင့် ဂိုးပေါက်လွဲခဲ့သည်။

အဲဗာတန်အသင်းက အုပ်စုဖွဲ့ ထိုးဖောက်ကစားရာ ပွဲချိန်မိနစ်၂၀၌ တိုက်စစ်မှူး ဆာဟာနှင့် မန်ယူ ဂိုးသမား တိုက်စစ်မှူး တင်ကာဟေးလ် မန်ယူဂိုးဧရိယာအစပ်မှ အပိုင်ကန်သွင်းရာ မန်ယူ ဂိုးသမား ဘင်ဖော်စတာ ပုတ်ထုတ် ကာကွယ်ခဲ့ရသည်။

ပုတ်ထုတ်

မန်ယူအသင်း ပြန်လည်ထိုးဖောက်ကစားရာ ၆၄မိနစ်၌ အဲဗာတန်ဂိုးဧရိယာအတွင်းမှ ပက်ဂျီဆန် ဘယ်ခြေဖြင့် ကန်

အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲတွင် အဲဗာတန်ဘက်သို့ ဖာဒီနန် ပယ်နယ်တီ ဘျသို့ ကန်သွင်းယူခဲ့သော်လည်း အဲဗာတန်ဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပယ်နယ်တီကန်သွင်း

အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မန်ယူနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်အဖြစ် အဲဗာတန်မှ ဂျာဂီလ်ကာ ဘျသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘင်ဖော်စတာတို့ တစ်ဦးချင်းအတွေ့ မန်ယူဂိုးသမား ပေါ့ဆသည့် လုပ်ရပ်ကြောင့် ကံကောင်းစွာ ဂိုးမပေးခဲ့ရခြင်း ဖြစ်သည်။

ဖိကစား

မန်ယူ လူငယ်ကစားသမားများ အပေးအယူသွက်သွက်ဖြင့် ကစားခဲ့ရာ ကွင်းတစ်ဝက်အထိ ဖိကစားနိုင်ခဲ့သည်။

သို့သော်မန်ယူတိုက်စစ်မှူး ဝဲလ်ဘတ် အဖိုးတန် အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးမချနိုင်ခဲ့ချေ။ ၃၈မိနစ်၌ အဲဗာတန် ဂိုးဧရိယာအစပ်မှ ဝဲလ်ဘတ် ဘယ်ခြေဖြင့် ကန်သွင်းမှုမှာ ဘေးထွက်ခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့သည်။ ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမရှိသရေ ဖြစ်နေခဲ့သည်။

ကာကွယ်

ဒုတိယပိုင်းစတင်သည်နှင့် အဲဗာတန်တို့ မန်ယူဘက်သို့ ကွင်းတစ်ဝက် ဖိကစားခဲ့ပြီးဂိုးသွင်းယူနိုင်ရေးထိုးဖောက် ကစားခဲ့ရာ မန်ယူခံစစ်မှူးများ ကြိုးစား ဟန့်တားခဲ့ရသည်။ မိနစ်၅၀၌ အဲဗာတန် သွင်းချက် ဂိုးတိုင်ဘေး ကပ်ထွက်ခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့ရသည်။ ထို့အတူ ၆၆ မိနစ်၌ မန်ယူမှ ဂစ်ဆင်က အဲဗာတန်ဂိုးဧရိယာအစပ်မှ အမှတ်မထင် အပြင်းကန်သွင်းချက်ကို ဂိုးသမား တင်ဟောင်းဝပ်လေထဲဝဲ၍ ပုတ်ထုတ်ကာကွယ်သွားသည်။

ပိတ်ဆို့ဟန့်တား

မန်ယူတို့ ကစားအားတင်သည့်အနေဖြင့် ပေါလ်စခိုးနှင့် အီဗရာတို့ အစားထိုးဝင်ရောက်ကစားစေခဲ့ရာ အဲဗာတန်ဘက်သို့ ဖိကစားနိုင်ခဲ့သည်။ မန်ယူတိုက်စစ်မှူးများ ထိုးဖောက်ဂိုးသွင်းမှုကို အဲဗာတန်ခံစစ်မှူးများ ပိတ်ဆို့ ဟန့်တားခဲ့ရသည်။

အဲဗာတန်တို့ကလည်း တန်ပြန်တိုက်စစ်ကစားခဲ့ရာ မန်ယူနောက်တန်းနှင့် ဂိုးသမား ဘင်ဖော်စတာတို့ ကြိုးစားကာကွယ်ခဲ့ရသည်။ နှစ်သင်းစလုံး ဂိုးရရှိရေးကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်သဖြင့် အချိန်ပိုကစားခဲ့ရသည်။

ပယ်နယ်တီ

အချိန်ပို၌ မန်ယူမှ မာကေးဒါအစား ဘာဘာတော့ဗ်အစားထိုး ဝင်ရောက်ကစားခဲ့သည်။ အချိန်ပိုလေးမိနစ်၌ အဲဗာတန် တိုက်စစ်မှူး တင်ကာဟေးလ် အပိုင်ကန်သွင်းချက်ကို မန်ယူဂိုးသမား ဘင်ဖော်စတာ ခြေထောက်နှင့် ကာကွယ်နိုင်ခဲ့၍သာ မန်ယူတို့ သက်သာခဲ့ရခြင်းဖြစ်သည်။ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက် ကစားခဲ့သော်လည်း အချိန်ပို မိနစ်၃၀ပြည့်သည်အထိ ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းခဲ့ကြသည်။

ဗိုလ်လုပွဲတက်

ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းယူရာတွင် အဲဗာတန်မှ တင်ကာဟေးလ် ကန်သွင်းမှု ဂိုးဘားပေါ် ကျော်ခဲ့သလို မန်ယူမှ ဘာဘာတော့ဗ်နှင့် ဖာဒီနန်တို့လည်း ဂိုးဝင်အောင် မသွင်းယူနိုင်ခဲ့ကြသဖြင့် အဲဗာတန်တို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ။

(အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ် (၃၃) ရလဒ်

စပါး	၁ - ၀	**နယူးကာဆယ်**
မန်စီးတီး	၄ - ၂	**ဝက်စ်ဘရွန်း**

(အင်တာနက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၄-၂၀၀၉ ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၆။ စေတနာပန်းများဖူးပွင့်ဝေစည် ငွေတောင်ပြည်
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်** ဇင်ပိုင်း၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၈:၅၀ ၁၀။ Local Talent
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄:၄၀ ၅။ မြန်မာစာ၊ မြန်မာစကား
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ အတီးပြိုင်ပွဲ
- ၅:၃၅ ၁၀။ စိတ်ကြွရူးသွပ်ဆေးအန္တရာယ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၆)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၈)
- ၁၉။ အစီအစဉ်ပြီး၏။

မတ်၂၃ရက်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရော်ဘာပျိုးခင်း ပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်း

တန့်ယန်း ဧပြီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ အခြေခံရော်ဘာ ပျိုးခင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲအခမ်းအနားကို မတ်၅ရက်က ကျင်းပရာ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ဌာနဆိုင်ရာများ၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

သင်ကြား

ယင်းသင်တန်းကို ခရိုင်နှစ်ရှည်ပင်လုပ်ငန်းမှ ဦးမင်းအောင်ဝင်းနှင့် နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနမှ ဆရာ ဆရာမများက စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြသည်။

(မြန်မာ့နှစ်ရှည်ပင်)

ဥတုရာသီ တောက်ပိုမှီ၏

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လူနေရပ်ကွက်အတွင်းရှိ သစ်စက် ဖယ်ရှားပေးစေလို

စာတည်းရှင့်-

ပဲခူးတိုင်း ပြည်မြို့ မူယာပင်ရပ်ကွက် ဗိုလ်ချုပ်လမ်း ရတနာမာန်အောင်လမ်းကြားရှိ သစ်စက်သည် နေ့စဉ် နံနက်မှည မိုးချုပ်သည့်တိုင်အောင် သစ်စက်သံဆူညံစွာဖြင့် လုပ်ကိုင်နေခြင်းကြောင့် ရပ်ကွက်နေပြည်သူများစိတ်အနှောင့်အယှက်ဖြစ်ကာ ကျန်းမာရေးထိခိုက်ရပါသဖြင့် သစ်စက်ကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မူယာပင်ရပ်ကွက်သူ

စည်းကမ်းမဲ့ လမ်းဘေးဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လမ်းမတော်လမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အနီးတွင် လမ်းဘေးဈေးသည်များ ပလက်ဖောင်းပေါ်၌ ဈေးခုံများ၊ ထိုင်ခုံပိုင်းများ၊ ထီးကြီးများ အပြည့်ခင်း၍ ရောင်းချနေကြပြီး အချို့ဈေးသည်များမှာ ညအိပ်၍ပင် ရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ ကားလမ်းမသို့ဆင်း၍ သွားလာနေကြရသောကြောင့် ယာဉ်အန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါ စည်းကမ်းမဲ့ လမ်းဘေး ကျူးကျော် ဈေးသည်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

လမ်းမျက်နှာစာ၌ မိလ္လာထားခြင်းကို တားဆီးပေးပါ

စာတည်းရှင့်-

ဗဟန်းမြို့နယ် ဆရာစံမြောက် အရှေ့မြေတိုင်းရပ်ကွက် ၃၅စီဂျီတွင် အေးစေတီလမ်းမျက်နှာစာအား မိလ္လာထားပြီး အဆောက်အအုံ ဆောက်လုပ်နေခြင်းကို သက်ဆိုင်ရာက တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားများ

စွန့်ပစ်အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု ကျွန်းကုန်းရပ်ကွက်ထိပ် ရန်ကုန်-မန္တလေးကားလမ်း အရှေ့ဘက်ရှိ လိုင်စင်မဲ့ ဟာလာဆန်စက်သည် စပါးခွံလောင်စာသုံး ဘွိုင်လာအင်ဂျင်ဖြင့် လုပ်ကိုင်လည်ပတ်လျက်ရှိရာ ဆူညံသံများ၊ စွန့်ပစ်ပစ္စည်းများမှ အနံ့အသက်ဆိုးများ၊ စပါးခွံဖုန်များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပြီး နေ့ညလည်ပတ်လုပ်ကိုင်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကောင်းစွာအိပ်စက်မရသောကြောင့် ကျန်းမာရေးထိခိုက်ရပါသည်။ သို့ဖြစ်၍ အဆိုပါ လိုင်စင်မဲ့ လည်ပတ်လျက်ရှိသော ဟာလာဆန်စက်ကို သင့်တော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးကင်းလိုသူ

လမ်းမြေပေါ်ကျူးကျော်နေအိမ်များကြောင့် ကားအဝင်အထွက်ခက်ခဲရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက် သုခလမ်းမပေါ်ရှိ တိုက်ငါးလုံးနှင့် ၄င်းတို့၏ နောက်ဖေးမှအိမ်သုံးလုံးတို့သည် သီရိမင်္ဂလာလမ်းသွယ်မြေနှင့် စည်ပင်သာယာမြေများပေါ်တွင် နေအိမ်များဆောက်ခြင်း၊ ကျူးကျော် ခြံကာခြင်းတို့ကြောင့် လမ်းမှာ အလွန်ကျဉ်းမြောင်းပြီး အရေးပေါ် မီးသတ်ကား၊ ဆေးရုံကားများ ဝင်ရန်ခက်ခဲသဖြင့် အထက်ပါ တိုက်ငါးလုံးနှင့် အိမ်သုံးလုံးတို့ကို သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းရှင်းစေလိုသူ

အသံချဲ့စက်သံ နားမခံနိုင်

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း ဦးချစ်မောင်အိမ်ရာတွင် စားသောက်ဆိုင်နှင့်တွဲ၍ ဖွင့်လှစ်ထားသော စင်တင်တေးဂီတဆိုင်မှ အသံချဲ့စက်များဖြင့် ညသန်းခေါင်ကျော်အထိ ကျယ်လောင်စွာ သီဆိုတီးမှုတ်လက်ခုပ်တီးခြင်းကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ ကောင်းစွာ အိပ်စက်မရပါသဖြင့် အဆိုပါဆိုင်မှ ဆူညံသံများကို သက်ဆိုင်ရာမှ ကြပ်မတ် တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပဲကြော်ဖိုကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

မုံရွာမြို့ ရန်ကင်းရပ် ကျောက္ကာလမ်း တောင်ဘက်လမ်းသွယ်-၂ရှိ အိမ်တစ်အိမ်၏ ပဲကြော်ဖိုမှ ပဲပုပ်နံ့၊ အညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး လောင်စာများကြောင့် မီးဘေးအန္တရာယ်အလွန်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

စည်းကမ်းမဲ့ ဝက်မွေးမြူမှု ရှင်းလင်းပြီး

၂၄-၁၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရွှေပြည်သာမြို့နယ် (၈)ရပ်ကွက် မင်္ဂလာပန်းခြံ လူနေရပ်ကွက်အတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းများ စည်းကမ်းမဲ့ဝက်မွေးမြူနေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အနံ့ဆိုးများ ရှင်းလင်းပြီး

၈-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လှိုင်သာယာမြို့နယ် အဆင့်မြင့် ၆ရပ်ကွက် ပညာလမ်းသွယ် ၁ရှိ ဝက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လှိုင်ကော်၌ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

လှိုင်ကော် ဧပြီ ၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက ကယားပြည်နယ် လှိုင်ကော်ခရိုင်ရုံးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ဝန်ကြီး၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန် ကိစ္စများကို ဆွေးနွေးသည်။ **(ယာပုံ)**

စံ(၅)ရပ်

အခမ်းအနားသို့ လှိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီညွတ်ရန် စီမံဆောင်ရွက်မှု၊ စာငှားစနစ်ထားရှိမှု၊ စာဖတ်ပရိသတ် တိုးပွားအောင် စည်းရုံးဆောင်ရွက်မှု၊ စာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များ စာအုပ်တိုးပွားနည်း၊ ရန်ပုံငွေရှာဖွေနည်း ဆွေးနွေးကြပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် ချမှတ်ပေးထားသည့် ရည်မှန်းချက်(၁၁)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် စီမံဆောင်ရွက်ကြမည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

မှာကြား

ဆက်လက်၍ မြို့နယ်ဒုတိယဦးစီးမှူးများသည် မြို့နယ်အလိုက် ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စံ(၅)ရပ်နှင့်ညီသောစာကြည့်တိုက်များဖြစ်ပေါ်ရေး ပေါက်ခေါင်းမြို့နယ်တွင် ဆွေးနွေး

ပြည် ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်သည် ပြည်ခရိုင်ဦးစီးအရာရှိဦးခင်မောင်ထွန်း၊ ပေါက်ခေါင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းတင့်တို့လိုက်ပါလျက် ဧပြီ၇ရက်က ပေါက်ခေါင်းမြို့နယ် အရှေ့ကြို့ကုန်းအုပ်စု အုတ်ဖိုကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချိုမြင့်နှင့် အဖွဲ့ဝင်များ၊အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် စံ(၅)ရပ်နှင့် ပြည့်စုံသောစာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီးကျောင်း ဖြစ်လာစေရေး၊ စာငှားစနစ် ကျင့်သုံးအကောင်အထည်ဖော်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရှာင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ ရေဖူလုံစွာ ရရှိရန်အတွက် မြေအောက်ရေမှ ရေစုပ်တင်မည့် စက်ရုံတည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ရှိသူများ စုပေါင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းစည်းဝေး

လင်းခေး ဧပြီ ၁၂

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် မတ် ၂၅ရက်က လင်းခေးခရိုင် ဟိုမိန်းမြို့သို့သွားရောက်၍ မိမိဌာနရှိ မြို့ရုံးဦးစီးမှူး ဒေါ်ခင်အိအိသန်းနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက မိမိတို့ အထက် ဌာနမှ ချမှတ်ထားသောလုပ်ငန်းညွှန်ကြားချက်များနှင့်အညီ ဟိုမိန်းမြို့ရုံးမှ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဦးစီးမှူးနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိသည် ဟိုမိန်းမြို့ရုံးမှ ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုများနှင့် ဟိုမိန်းမြို့ ကျေးရွာစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်သန်ခိုင်မာ

ထို့နောက် ဟိုမိန်းမြို့၏ ရှင်သန်ခိုင်မာပြီး စာကြည့်တိုက်များဖြစ်သော ခိုလုံကျေးရွာစာကြည့်တိုက်နှင့် နောင်မိုင်ကျေးရွာ စာကြည့်တိုက်များသို့ သွားရောက်ကာ အဆိုပါစာကြည့်တိုက်များ၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်အဆောက်အအုံ ရှင်သန်ခိုင်မာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက် ကော်မတီများနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စည်းရုံးဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကျန်းမာရေး အသိပညာပေး သီပေါ၌ဟောပြော

သီပေါ ဧပြီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ပျို့ရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာများ လက်ခံခြင်းအခမ်းအနားကို မတ်၈ရက်က သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်နှင်းသန္တာဦးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ (၀၂၀)

ရွှေကူမြို့၌ မီးသုံးစွဲမှုစနစ်တကျရှိရေး စစ်ဆေး

ရွှေကူ ဧပြီ ၁၂

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးအတွင်းရှိ ထမင်းဆိုင်၊ မုန့်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် မီးသုံးစွဲမှု စနစ်တကျရှိမရှိ စစ်ဆေးခြင်းလုပ်ငန်းများကို မတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးချစ်မောင်တို့ ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြသည်။ (၁၇၉)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်အရ အနောက်ရပ်နေဆရာကြီး ဦးဂူဒူးက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ အပေ့စားရေစုပ်စက်တစ်လုံးကို မတ် ၃၁ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက လက်ခံစဉ်။ (၀၂၀)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာအနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

တောင်တွင်းကြီး၌ ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တောင်တွင်းကြီး ဧပြီ ၁၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် တိုက်ပွဲအုပ်စု၌ အုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက တိုက်ပွဲအုပ်စု ဖက်သန်းတပ်ကျေးရွာ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌဦးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေးကာ အလှူရှင် စာရေးဆရာ ဦးအောင်သက်ဦး၊ဦးစိန်လင်း(သီရိရတနာပုံနှိပ်တိုက်) မိသားစုတို့က ငွေကျပ်တစ်သိန်းခန့် တန်ဖိုးရှိသော သုတ ရသမဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံအုပ် ၅၀၀တို့ကို ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ထို့နောက် တိုက်ပွဲအုပ်စု ဖက်သန်းတပ်ကျေးရွာ အင်တာနက်စာကြည့်တိုက်နှင့် တိုက်ပွဲကျေးရွာ ပါရဂူစာကြည့်တိုက်အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့၌ ထမနဲထိုးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

မြင်းမူ ဧပြီ ၁၂

မြင်းမူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ ကျင်းပရာ အဖွဲ့၁၁ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့က ပထမ၊ အရှေ့ပိုင်းရပ်ကွက်က ဒုတိယ၊ အနောက်ပိုင်းရပ်ကွက်က တတိယ ရရှိခဲ့ရာ ဆုများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညီနှင့်အဖွဲ့ဝင်များက ဆုချီးမြှင့်ကြပြီး ကျန်ပြိုင်ပွဲဝင် အသင်းများအား နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(၀၃၅)

စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင် ဆောက်လုပ်ရေး အလှူရှင်များ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

စဉ့်ကူး ဧပြီ ၁၃

စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုခန်းမဆောင် ဆောက်လုပ်ရေးကော်မတီမှ ငွေကျပ်တစ်သိန်းအထက် အလှူရှင် ၆၂ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မတ် ၃၀ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်နှင့် ခေတ္တမြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ဦးတို့က ဂုဏ်ပြု အဖွင့်အမှာစကား ပြောကြားကြပြီး ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ထူးက ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်များကိုယ်စား ဦးစိန်တူက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဖေဖော်ဝါရီ ၅ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စဝ်စံထွန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိတို့က ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

ဖုန်းများဆက်သွယ်မှု လွယ်ကူစေရန် ကွန်ကရစ်တိုင်စိုက်ထူ

နွားထိုးကြီး ဧပြီ ၁၂

မြင်းခြံမြို့၌ တယ်လီဖုန်းများ ဆက်သွယ်မှုလွယ်ကူရေးအတွက် နွားထိုးကြီး-မြင်းခြံ မိုင် ၂၀ရှည် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းဆွဲရန် မြန်မာ့ဆက်သွယ်ရေး (မန္တလေး)က နွားထိုးကြီးမှ မြင်းခြံသို့ ကေဘယ်လ်ကြိုးဆွဲရန် ခေတ်မီကွန်ကရစ်တိုင် ၅၀၀ကျော် စိုက်ထူပြီးစီးနေပြီဖြစ်ရာ မကြာမီ ဖိုင်ဘာဆက်ကြောင်းလိုင်းဆွဲတော့မည်ဖြစ်သည်။

မြင်းခြံမြို့၌ အော်တိုဖုန်းအလုံး ၃၀၀၀ နှင့် ဂျီအက်စ်အမ်အလုံး ၁၀၀၀ ကျော်ရှိရာ ဆက်သွယ်ရာတွင် အချို့ဖုန်းများ အခက်အခဲဖြစ်၍ ယခုကဲ့သို့ နွားထိုးကြီးမှ ဖိုင်ဘာကေဘယ်လ်လိုင်းဆွဲခြင်း ဖြစ်သည်။ (ဝ၉၂)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မဟာနန္ဒာကန်တော် မြို့ပြရေပေးဝေရေးလုပ်ငန်းမှ ကလိုရင်းခတ်စက်ဖြင့် ဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စာရင်းကိုင်(၃) ဦးစိုးနိုင်နှင့်ဝန်ထမ်းများ ဧပြီ၇ရက်က ဂွမြို့ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဦးဥတ္တမလမ်း ပင်မရေနုတ်မြောင်းတူးဖော်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ (၁၁၃)

လောင်စာတွေကို ရှင်း မီးဘေးအန္တရာယ် ကင်း

ရမည်းသင်း မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးသုံးစွဲမှုသရုပ်ပြ

ရမည်းသင်း ဧပြီ ၁၉

ရမည်းသင်းမြို့ မြို့မဈေးကြီး၌ ဧပြီ ၃ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးသုံးစွဲမှု သရုပ်ပြသပွဲ ကျင်းပရာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝန်းသိုမြို့၌ မီးသတ်သင်တန်းဖွင့်

ဝန်းသို ဧပြီ ၁၀

ကသာခရိုင် ဝန်းသိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သည့် မြို့နယ် မီးသတ်ဦးစီးဌာန၏ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၉) ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၁၀နာရီကဒေါင်းမြူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန စခန်းတာဝန်ခံ ဦးစက်မောင်က မီးသတ်သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)



ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၂-၄-၂၀၀၉(ဗုဒ္ဓဟူးနေ့)

☐ Some Importance of Medicinal Plants in Myanmar
- ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ

☐ Varieties and Medicinal values of Aloes
- ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ

၂၃-၄-၂၀၀၉(ကြာသပတေးနေ့)

☐ Introduction to Biotechnology
- ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ

☐ Environmental Law
B.Sc (Environmental Studies) (3rd Year)

၂၄-၄-၂၀၀၉(သောကြာနေ့)

☐ မြန်မာစာ၊ မြန်မာစကား
- မြန်မာစာ မဟာဝိဇ္ဇာဘာသာစကား အထူးပြုကျောင်းသား ကျောင်းသူများ

☐ An Introduction to AUN
- ဘွဲ့ကြို၊ ဝိဇ္ဇာသင်တန်းသားများ ASEAN Quiz ဖြေမည့် အထက်တန်း ကျောင်းသား ကျောင်းသူများအတွက်

၂၅-၄-၂၀၀၉(စနေနေ့)

☐ Short Stories(The Visit)
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Stolen Letter
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Phonetics
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ World Cities
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Geography of Developed Countries Economic Activities of Japan
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Learning
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Social Psychology
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၆-၄-၂၀၀၉(တနင်္ဂနွေနေ့)

☐ Psychological Research
- တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Frequency Distribution
- တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Mood Disorders
- တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Marriage
- တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Criminal Law General Exception
- တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Non Aqueous Solvent
- တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Biochemistry I
- တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အလောင်းဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်း အနားကို မတ် ၂၇ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဆွေဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကန်ပက်လက်၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ကန်ပက်လက် ဧပြီ ၃

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ရန်စဲအောက်ရွာ၏ ဒိုင်နန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ၎င်းစာကြည့်တိုက်အဆောက်အအုံ၌ ဇန်နဝါရီ ၂၅ရက်က ကျင်းပသည်။

ဖွင့်လှစ်

အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးပိုင်းမနားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ဆွေးနွေးပွဲကို အခြေခံပညာမူလတန်းကျောင်းဆောင်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်ပညာများကို ဆွေးနွေးပို့ချပြီး စာကြည့်တိုက်အတွက် ဂျာနယ်အစောင် ၇၀ကို လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမျိုးညွန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (၁၅၈)

မိုးကောင်း၌ ယာဉ်တိုက်မှုဖြစ်ပွား လမ်းဖြတ်ကူးသူဆေးရုံ၌သေဆုံး

မိုးကောင်း ဧပြီ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် မတ် ၁၃ရက်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာ မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်တွင် မတ် ၁၃ရက် နံနက် ၇နာရီ ၂၅မိနစ်ခန့်က မိုးကောင်းမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ ယာဉ်မောင်း စောထွန်းနိုင် မောင်းနှင်လာသည့် အပြာရောင်ယူဒီ ၁၀ဘီး မော်တော်ယာဉ်အမှတ် ၇ခ/၉၄၅၂သည် ပြည်ထောင်စုလမ်းမမှ နဝဒေးလမ်းမဘက်သို့ ချိုးကွေ့စဉ် လမ်းဖြတ်ကူးသူ မျိုးဇော်(၂၉နှစ်) (ဘ)ဦးဇော်မင်း ရွှေညောင်ပင်ရပ်ကွက် မြစ်ကြီးနားမြို့နေသူအား တိုက်မိသဖြင့် မျိုးဇော်မှာ ဝဲဘက်ပေါင်ရင်း စုတ်ပြတ်ကျိုးပဲ့ဒဏ်ရာ၊ ယာဘက်ပေါင်စုတ်ပြတ် ပေါက်ပြဲဒဏ်ရာများရရှိကာ မိုးကောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့စဉ် နံနက် ၈နာရီ ၁၅မိနစ်တွင် သေဆုံးသွားသဖြင့် ယာဉ်မောင်း စောထွန်းနိုင်အသက်(၃၀) (ဘ)ဦးပေါဝင်း မိုးညှင်းသမ္ဘုဒ္ဓေကျေးရွာ မုံရွာမြို့နယ်နေသူအား အရေးယူပေးပါရန် ဒုရဲအုပ်ကျော်နေလင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မိုးကောင်းရဲစခန်းက (ပ)၂၄/၂၀၀၉၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၀၀၁)**

မှုခင်းသတင်း

မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ် ဆေးကုသမှုဆောင်ရွက်

တောင်ငူ ဧပြီ ၃

တောင်ငူခရိုင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာ မြမြစိုး ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ၇ရက်က ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျောက်ကြီးမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးလက်များမှ မျက်စိရောဂါဝေဒနာရှင် ပြည်သူ ၁၅၅ ဦးတို့အား အခမဲ့စမ်းသပ်စစ်ဆေး ကုသခြင်း လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ကြသည်။

အဆိုပါ မျက်စိကွင်းဆင်း ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန် ဒေါက်တာ သူရနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း ပါဝင်ပံ့ပိုး ကူညီဆောင်ရွက်ကြကြောင်း သိရသည်။ (၀၄၇)

မိုးကုတ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ရေပေးဝေရေးလုပ်ငန်းဖြစ်သော အောင်မြေသုခ ရပ်ကွက်သို့ ပေးဝေနေသည့် ရေပိုက်လိုင်းများ ပြုပြင်ခြင်း လုပ်ငန်းကို မတ် ၃၀ရက်က အမှုဆောင် အရာရှိ ဦးပြည်စိုးကွင်းဆင်းစစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ(စက်မှု) ဦးသိန်းတန်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား ဧပြီ ၄

ကြက်ငှက်တုပ်ကွေးကြိုတင်ကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးအောင်မြင့်၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးအရာရှိနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ဌေးဝင်းတို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးပညာပေးဟောပြောကြပြီး မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ ယိန်းညော်က မွေးမြူရေးလုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းသည်။

တက်ရောက်

ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲသို့ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ကြက်သား၊ ဘဲသား ရောင်းချသူများ၊ ပြည်နယ် ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(၀၀၃)**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းများ ကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ညောင်ရွှေ-ရွာသာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ဧပြီ၂ရက်က အမှုဆောင်အရာရှိဦးလင်းထွဋ် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မိုးခိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်း

မန္တလေး ဧပြီ ၆

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အလိုက် ရပ်ကွက်အတွင်းရှိ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို မတ် ၂၁ရက် နံနက်က မင်းတဲအီကင်းရပ်ကွက် ကမ်းနားလမ်းဘေးဝဲယာတွင် ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌဦးအောင်နိုင်၊ အတွင်းရေးမှူး ဒေါ်မွေးမွေးကိုနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မင်းဟန်နှင့် အမှတ် ၁၊ ၂၊ ၄နှင့် ၅စခန်းတို့မှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၇၀၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူနှင့် မင်းတဲအီကင်းရပ်ကွက် အရန်မီးသတ်စခန်းတပ်စုမှူးနှင့် တပ်ဖွဲ့ဝင် ၂၀၊ ရပ်ကွက်ဥက္ကဋ္ဌဦးကျော်စိုးနှင့်အဖွဲ့ဝင်များက ရေအိုင်ချိုင့်အတွင်းရှိ ချုံနွယ်သစ်ပင်များ၊ လမ်းဘေးဝဲယာရှိ ချုံနွယ်သစ်ပင်များ၊ ရေဆိုးထုတ်မြောင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းရန် အမှိုက်သရိုက်များဆယ်ယူခြင်းများ ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးပြီး ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၉၀)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် သစ္စာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အခြေခံတိုင်းရင်းဆေး ပညာပေး သင်တန်းဖွင့်

နေပြည်တော်ပျဉ်းမနား ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ခရိုင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(နေပြည်တော်ခရိုင်အသင်းခွဲ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်း (၁/၂၀၀၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ရက် နံနက်၉နာရီက နေပြည်တော် ပျဉ်းမနား မြို့မဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်နှင့် နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအောင်ကျော်မိုးတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

(ခရိုင်တိုင်းရင်းဆေး)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

နေ့စဉ် နာရီဝက်ခန့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခဲ့လျှင် မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ မဖြစ်ပွားနိုင်ဟုဆို

အသက် ၄၀ အရွယ်မှစတင်ကာ နေ့စဉ် ပုံမှန် နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးပါက အသက်အရွယ် ကြီးရင့်လာသည့်အခါ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ မဖြစ်ပွားနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်ဆဲလ်

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရာတွင် နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းလည်း ပါဝင်လျက်ရှိရာ လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်ဆဲလ်များ သန်စွမ်းမှု ပိုမိုဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

အကြံပြု

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး လှုပ်ရှားမှုဖြစ်စေသည့် ကိုယ်လက်လေ့ကျင့်ခန်းမျိုးသာ ပြုလုပ်သင့်ကြောင်းလည်း ပြင်သစ်သုတေသနပညာရှင်များက အကြံပြုထားသည်။

မှတ်ဉာဏ်

ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး နေ့စဉ်ပုံမှန်လှုပ်ရှားပေးခြင်းကြောင့် သွေးလည်ပတ်မှုနှင့် ဦးနှောက်အတွင်း သွေးကြောငယ်များ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်ဖြစ်ရာ အသက်အရွယ် ကြီးရင့်လာသော်လည်း မှတ်ဉာဏ်ချို့ယွင်းမှု မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သဲဖြူပင်မဓာတ်အားခွဲရုံနှင့် တောင်ငူပင်မဓာတ်အားခွဲရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၈ရက်တွင် ပဲခူးတိုင်းဒေသကြီး... ရေတာရှည်မြို့နယ် မြို့လှမြို့အနီးရှိ 230/33/11 KV (100 MVA) သဲဖြူပင်မဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်း (Control Room) အတွင်း ဝင်ရောက်၍ Control Panel Box များမှ ဓာတ်အား ဝင်/ထွက်မှုအခြေအနေနှင့် ထိန်းချုပ်ကွပ်ကဲနေမှုအခြေအနေ၊ ဖီဒါများအလိုက် ဓာတ်အား ဖြန့်ဖြူးပေးမှု၊ ဓာတ်အားခွဲရုံ Switch Yard အတွင်းရှိ ထရန်စဖော်မာများအခြေအနေနှင့် ဓာတ်အားလိုင်းများ သွယ်တန်းချိတ်ဆက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ 230/33/11 KV (60 MVA) တောင်ငူ ပင်မဓာတ်အားခွဲရုံ Control Room အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလွန်တောက်ပသော ကြယ်တာရာအစုအဝေး

နာဆာ အာကာသသုတေသနပညာရှင်များက ဟဗ္ဗဘယ်အာကာသ အဏုကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာခဲ့ရာ အာကာသအတွင်း အလွန်တောက်ပသော ကြယ်တာရာအစုအဝေးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

ယခုတွေ့ရှိရသည့် ကြယ်စင်အစုအဝေးကို NGC ၇၀၄၉ ဟု အမည်သတ်မှတ်ပေးထားပြီး အနီး၌ အလွန်တောက်ပသော ကြယ်တာရာတစ်ခုလည်း တည်ရှိနေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ အာကာသအတွင်း အလွန်တောက်ပသော ကြယ်တာရာအချို့ရှိသော်လည်း ယခုကဲ့သို့တောက်ပသည့် ကြယ်စင်အစုအဝေးမျိုး ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

အလင်းရောင်

အဆိုပါ ကြယ်စင်အစုအဝေးကို အဏုကြည့်မှန်ပြောင်းဖြင့် အသေးစိတ်ကြည့်ရှုလေ့လာသည့်အခါ အလင်းရောင်အမှုန်များကဲ့သို့ အရာများကို တွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာကာသသိပ္ပံ ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

အသွင်အပြင်



အလင်းရောင်များ တောက်ပစွာ ထွက်ရှိနေမှုသည် ၎င်းကြယ်စင် အစုအဝေး၏ အနီးဝန်းကျင်ဒေသများအထိ ရိုက်ခတ်ဖြစ်ပေါ်လျက်ရှိရာ အာကာသအတွင်း ထူးခြားသော အသွင်အပြင် ဆောင်လျက်ရှိသည်။

ရိုက်ကူးမှတ်တမ်းတင်

ယခုတွေ့ရှိရသည့် ကြယ်စင်အစုအဝေး၏ ရွေ့လျားပြောင်းလဲမှုများကို အနီးကပ် စောင့်ကြည့်လေ့လာလျက်ရှိပြီး ဟဗ္ဗဘယ် အာကာသ အဏုကြည့်မှန်ပြောင်းတွင် တပ်ဆင်ထားသော အနီအောက်ရောင်ခြည်သုံး ကင်မရာဖြင့် ရိုက်ကူးမှတ်တမ်းတင်သွားမည်ဖြစ်သည်။ ။

ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ခြင်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မြေပြန့်ဒေသ မြို့များအကြား သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်စေတော့မည်

ရန်ကုန် ဧပြီ ၁၉

ပြီးခဲ့သည့် မတ်လ ၃၁ရက်က ကျိုင်းတုံမြို့သို့ ပထမဆုံးအကြိမ်အဖြစ် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။ လေယာဉ်မှာ မြန်မာ့လေကြောင်းမှ Fokker F-28 လေယာဉ်ဖြစ်သည်။ ရန်ကုန်မြို့မှ ထွက်ခွာလာပြီး တစ်နာရီနှင့် ငါးမိနစ်ခန့်အကြာတွင် ကျိုင်းတုံလေဆိပ်သို့ ဆိုက်ရောက်သည်။ လေဆိပ်သို့အရောက်မှာပင် ရှည်လျားကျယ်ပြန့်လှသော လေယာဉ်ပြေးလမ်းကြီးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။

စာမျက်နှာ ၉ ကော်လံ ၁ ■

သတင်းဆောင်းပါး-ရန်ကြီးအောင်
ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေးနှင့် ကိုကိုလေး(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

20-4 (20).pmd 1 4/20/2009, 3:05 AM